# စတိဗ်အာဝင်

## လင်းတည်ဦး



လူငယ်
စာစဉ်

ကမ္ဘာ့ အထင်ကရ ပုဂ္ဂိုလ်များ - ၄၆

သားနဲ့သမီး စာအုပ်တိုက်

စာအုပ်အမှတ် - ၁၄၄

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ - ၄၆



# စတိဗ်အာဝင်

လင်းတည်ဦး

# စာဖတ်သူသို့

မြန်မာကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာမှ ကလေးစာပေများကို မြန်မာစာဖတ်ပရိတ်များ ထိတွေ့ ဖတ်ရှုစေရေးတို့ကို ရည်ရွယ်လျက် သားနှင့် သမီးစာအုပ်တိုက်မှ ကလေးဖတ်စာအုပ်များ ထုတ်ဝေလာခဲ့သည်မှာ ၃ နှစ်တာမျှရှိခဲ့ပါပြီ။ ဘာမျှမကြာမြင့်လှသေးသော ထို ၃ နှစ်တာ ကာလအတွင်း ကလေးစာအုပ်ပေါင်း ၈၀ နီးပါးမျှ ထုတ်ဝေနိုင်ခဲ့ပါသည်။ ထိုစာအုပ်များမှာ အများအားဖြင့် ဘာသာပြန်လက်ရာများဖြစ်ကြပြီး ငယ်ရွယ်သော ကလေးသူငယ်များ ဖတ်ရှုလေ့လာရန်အတွက် ကလေးစာပေ (children's literature) များဖြစ်ကြပါသည်။

သားနှင့် သမီးစာအုပ်တိုက်အနေဖြင့် ဘာသာပြန် ကလေးစာပေများကိုသာမက ပင်ကိုရေး ကလေးစာပေများကိုလည်း ထုတ်ဝေသွားရန် ရည်ရွယ်ထားသလို လူငယ်စာဖတ်သူ (young reader) များအတွက် အကျိုးများ တန်ဖိုးရှိစေမည့် လူငယ်စာပေများကို ရွေးချယ်ထုတ်ဝေသွားရန် ကြိုးပမ်းစီစဉ်ခဲ့ပါသည်။ ယခုထုတ်ဝေလိုက်သော ဤစာအုပ်တွဲများသည် သားနှင့် သမီးစာအုပ်တိုက်၏ လူငယ်စာစဉ်အဖြစ် ထုတ်ဝေသော ကနဦး အစီအစဉ်၊ သို့မဟုတ် ပထမခြေလှမ်းဟု ဆိုချင်ပါသည်။

လူငယ်စာစဉ် ပထမခြေလှမ်းအဖြစ် ထုတ်ဝေလိုက်သော ဤစာအုပ်များသည် အမေရိကန်ပြည်ထောင်စု အခြေစိုက် Penguin Young Readers Group ၏ Grosset & Dunlap စာအုပ်တိုက်မှ ထွက်ရှိခဲ့သည့် Who is...? / Who was...? စာအုပ်စီးရီးကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ မြန်မာဘာသာသို့ ပြန်ဆိုရာ၌ သူ့မူရင်း အာဘော် အတိုင်း ပြန်ဆိုထားခြင်း ဖြစ်သလို ပါဝင်သော သရုပ်ဖော်ပုံများကိုလည်း သူ့မူရင်းအတိုင်းပင် ပြန်လည်ထည့်သွင်း ဖော်ပြပေးထားပါသည်။

ယခုစီးရီးသည် ကမ္ဘာ့နယ်ပယ်ပေါင်းစုံတွင် အထူးထင်ရှားသော လူပုဂ္ဂိုလ်များ၏အကြောင်း ဖြစ်ပြီး စာဖတ်သူများအနေဖြင့် လေ့လာမှတ်သား သင်ခန်းစာယူဖွယ်ရာ ဗဟုသုတနှင့် အချက်အလက်များ များစွာပါဝင်ပါသည်။ ထို့အပြင် လူတစ်ဦးချင်းစီ၏ အတ္ထုပ္ပတ္တိဖြစ်သဖြင့် ရသဝတ္ထုစာအုပ်များဖတ်ရှုရသကဲ့သို့ခံစားမှုပေးစွမ်းနိုင်သလို သူတို့ဖြတ်သန်းခဲ့ကြရာ ခေတ်အလိုက်၊ နိုင်ငံအလိုက် သမိုင်းနောက်ခံကားများကိုလည်း တွေ့မြင်သိရှိနိုင်ကြမည် ဖြစ်ပါသည်။

သားနှင့် သမီးစာအုပ်တိုက်မှ ယခု Who? စီးရီးဖြစ်သည့် 'ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ' ကို မချွင်းမချန်ဘဲ စီးရီးအပြည့်အစုံ ဘာသာပြန်တင်ဆက်သွားမည်ဖြစ်သလို နောက်ထပ်စီးရီးများ ဖြစ်သော Where? နှင့် What ? (ကမ္ဘာ့အထင်ကရ နေရာများနှင့် ကမ္ဘာ့အထင်ကရ အဖြစ်အပျက်များ) ကိုလည်း လူငယ်စာစဉ်အဖြစ် ဆက်လက်စီစဉ် ထုတ်ဝေသွားရန် အားထုတ် ကြိုးပမ်းလျက် ရှိပါသည်။ ထို့ကြောင့် စာဖတ်သူများ၊ အထူးသဖြင့် လူငယ်များအနေဖြင့် အသိဉာဏ်ပညာ မြင့်မားကာ ဗဟုသုတတိုးပွားစေခြင်း အလို့ငှာ ဆက်လက်ရှာဖွေ ဖတ်ရှုကြရန်လည်း တိုက်တွန်းလိုပါသည်။

မြန်မာစာပေလောကအတွင်း၌ ခေတ်မီသော ကလေးစာပေနှင့် လူငယ်စာပေများ တိုးပွားဖွံ့ဖြိုးစေရေးအတွက် ရည်သန်လျက် ဤစာအုပ်တွဲများကို မအားလပ်သည့်ကြားမှ ဝိုင်းဝန်း ပြန်ဆိုပေးကြသော စာရေးဆရာများနှင့် အားပေး ဖတ်ရှုကြသော စာဖတ်ပရိတ်သတ်များ အားလုံးကို ကျေးဇူးတင်ရှိကြောင်း ဆိုပါရစေ။

**သားနှင့်သမီး စာအုပ်တိုက်**

မိကျောင်းကို ဖမ်းဖို့ တောရိုင်းထဲ ခေါ်သွားတယ်။ အဲဒီမှာပဲ စတိဗ်ရဲ့မေးခွန်း
တွေ ပြောင်းလဲသွားတော့တယ်။



စတိဗ် – ''မိကျောင်းတွေကို ဘာကြောင့်ဖမ်းတာလဲ''

ဘော့ဘ် – ''လူတွေ သူတို့ကိုသတ်လို့မရတဲ့ လုံခြုံတဲ့နေရာကို
ပြောင်းရွှေ့ပေး ဖို့ပေါ့''

စတိဗ် – ''လူတွေက မိကျောင်းတွေကို ဘာကြောင့်သတ်ဖြတ်ကြ
တာလဲ''

ဘော့ဘ် – ''ကြောက်လို့လေ''

စတိဗ် – ''ဘာလို့ ကြောက်ကြတာလဲဟင်''

ဘော့ဘ် – ''မိကျောင်းတွေအကြောင်း နားမလည်ကြလို့ပေါ့'' '

စတိဗ်အာဝင်ဟာ မေးခွန်းတွေမေးဖို့ ဘယ်တော့မှ မရပ်တန့်ပါဘူး။ အရွယ်ရောက်လာတဲ့အခါ အဖြေတွေကို သိရဖို့ ကိုယ့်ဘာသာ ရှာဖွေတော့တယ်။ နေရာတိုင်းမှာ အဖြေတွေ ရှိနေပါတယ်။ သရက်ကိုင်းတွေပေါ်မှာ။ သားပိုက်ကောင်ရဲ့ ဝမ်းဗိုက်အိတ်ထဲမှာ။ မြစ်ကမ်းနံဘေးမှာ...။

အဲဒီနောက် သိပ်မကြာပါဘူး။ စတိဗ် အများကြီး သိလာခဲ့ပါပြီ။ ရုပ်သံလွှင့်ဌာနတစ်ခုက သူသိထားတာတွေကို မျှဝေဖို့ ကမ်းလှမ်းလာပါတယ်။ သူ့ရုပ်သံအစီအစဉ်က "The Crocodile Hunter" ('မိကျောင်းမုဆိုး') တဲ့။ စတိဗ်ရဲ့ပရိသတ်တွေ တစ်စတစ်စ တိုးပွားလာပါတယ်။ အစပိုင်းမှာ ဩစတြေးလျက ဌာနေပရိသတ်တွေ။ အဲဒီနောက် ကမ္ဘာတစ်ဝန်းလုံးမှာပေါ့။ စတိဗ်ဟာ သူချစ်တဲ့ သဘာဝတောရိုင်းတိရစ္ဆာန်တွေကို ရှာဖွေလေ့လာရင်း ပရိသတ်တွေကို ဆွဲခေါ်သွားတယ်။ သူဟာ အရာရာတိုင်းကို သတိပြုမိပါတယ်။ မြွေအကောင်သေးသေးလေးတွေတိုင်းဟာလည်း ထူးထူးကဲကဲ လှပနေတတ်တယ်။




မိကျောင်းတွေတိုင်းမှာလည်း လှတာလေးတွေ နည်းနည်းတော့ ရှိနေတာပါပဲ။ လူတွေဟာ တောရိုင်းတိရစ္ဆာန်တွေအပေါ် အမြင်တစ်မျိုးနဲ့ ကြည့်ရှုလာကြပါပြီ။ တောရိုင်းတိရစ္ဆာန်တွေအကြောင်း သိရှင်လာကြပါပြီ။ မကြောက်ရွံ့ကြတော့ပါဘူး။

စတိဗ်အာဝင်ဟာ သူ့ဘဝတစ်လျှောက်လုံး တောရိုင်းတိရစ္ဆာန်တွေကို အကာအကွယ်ပေးဖို့ ကြိုးစားအားထုတ်ခဲ့ပါတယ်။ သူ့ဖခင်လိုပဲ အခြားသူတွေကို သင်ကြားပြသပေးပါတယ်။

စတိဗ်ဟာ ကလေးဘဝကတည်းက ခံစားမိခဲ့တဲ့ စိတ်လှုပ်ရှားမှုမျိုး ဘယ်တော့မှ မပျောက်ဆုံးခဲ့ပါဘူး။ နောက်ထပ် 'ထူးခြားလှပ'တဲ့ သတ္တဝါတစ်ကောင်ကောင်ကို တွေ့ရင် ရုပ်သံကင်မရာမှာ 'ခရစ်ကီ' လို့ တိုးတိုးလေး ပြောပါလိမ့်မယ်။ ဒါပေမဲ့ သူ့ဖခင်ဘော့ဘ် ပြောခဲ့တာကိုတော့ ဘယ်တော့မှ မမေ့ပါဘူး။ ''သတိထား ကိုယ့်လူ၊ အန္တရာယ် အန္တရာယ် အန္တရာယ်'' ပါတဲ့။



# အခန်း – ၁

## မြွေတွေနဲ့ သားပေါက်ကလေးတွေ



၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ဟာ လင်းအောင်အတွက် နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်ပါတယ်။ အဲဒီနေ့ဟာ သူ့ရဲ့မွေးနေ့ပါ။ ပြီးတော့ သူ့ရဲ့ဒုတိယမြောက်ကလေး။ ပထမဆုံး သားကလေးကို ဖွားမြင်တဲ့နေ့လည်း ဖြစ်ပါတယ်။ စတီဖင်ရောဘတ်အောင်ကို ဩစတြေးလျနိုင်ငံ၊ မဲလ်ဘောန်မြို့ အနီး အထက် ဖန်းထရီးမြို့ကလေးမှာ မွေးဖွားခဲ့ပါတယ်။

စတိဗ်ကလေးဟာ တစ်နှစ်သားအရွယ်မှာ အိမ်ရှေ့တံခါးဆီ သုတ်သုတ် သုတ်သုတ် ပြေးသွားတယ်။ အဲဒီမှာ ရှာဖွေစရာတွေ အများကြီးပဲလေ။ လင်းနဲ့ ဘော့ဘ်အာဝင်တို့ လင်မယား စတိဗ်နောက် အမြန် လိုက်ကြတဲ့အချိန်မှာ နှစ်ဦးသား wild ride ကို ရင်ဆိုင်ရတော့မှာလို့ တွေးမိလိုက်ကြတယ်။ စတိဗ်ရဲ့အစ်မ ဗျိုင်းကလည်း သိနေပါတယ်။ ဗျိုင်းဟာ နေရာအနှံ့က တံခါးတွေကိုပိတ်ဖို့ သတိရနေရမယ်ဆိုတာ နားလည်တဲ့အရွယ် ရောက်နေပါပြီ။ အဲဒီလိုမှ မဟုတ်ရင်တော့ သူ့မောင်ကလေး ထပ်ပျောက်သွားဦးမှာလေ။




စတိဗ်အတွက်တော့ အိမ်အပြင်ဘက် လောကဟာ တကယ့်အံ့ဖွယ် လောကပါ။ စတိဗ်ရဲ့ဖခင် ဘော့ဘ်ဟာ အင်မတန်အောင်မြင်တဲ့ ရေပိုက်ပြင် ဆရာတစ်ဦး ဖြစ်တယ်။ ဒါပေမဲ့ အဲဒါထက် ပိုတာက ဘော့ဘ်အာဝင်ဟာ မြွေတွေနဲ့ အခြားတွားသွား သတ္တဝါတွေကို ချစ်တတ်တာပါပဲ။ စတိဗ်က သိချင်စိတ်ပြင်းပြသူဖြစ်ပြီး ဖခင်ရဲ့မြွေတွေနဲ့ ဆော့ကစားချင်စိတ် ရှိနေပါ တယ်။




# ဩစတြေးလျနိုင်ငံ

ဩစတြေးလျဟာ နိုင်ငံတစ်နိုင်ငံလည်းဖြစ်၊ တိုက်ကြီးတစ်ခုလည်းဖြစ်တဲ့ ကမ္ဘာပေါ်မှာ တစ်ခုတည်းသော နိုင်ငံပါ။ ကမ္ဘာပေါ်မှာ အငယ်ဆုံးတိုက်ဖြစ်ပြီး ဆဋ္ဌမမြောက် အကြီးဆုံးနိုင်ငံလည်းဖြစ်တယ်။ အင်္ဂလိပ်ဘာသာစကားသုံးစွဲတဲ့ ဩစတြေးလျနိုင်ငံဟာ ရေပတ်လည် ဝန်းရံနေပါတယ်။ အရှေ့ဘက်မှာ ပစိဖိတ်သမုဒ္ဒရာ၊ အနောက်ဘက်မှာ အိန္ဒိယသမုဒ္ဒရာ ရှိတယ်။ ဩစတြေးလျရဲ့အကြီးဆုံးမြို့တွေက ဆစ်ဒနီ၊ မဲလ်ဘောန်၊ ဘရစ္စဘိန်း၊ ပါ့သ်နဲ့ အဒဲလိဒ်တို့ ဖြစ်ပါတယ်။ အဲဒီမြို့ကြီးတွေအားလုံး သမုဒ္ဒရာအနီးမှာ တည်ရှိနေပါတယ်။ ဩစတြေးလျအလယ်ပိုင်း နေရာအများအပြားဟာ ခြောက်သွေ့တဲ့ ကန္တာရကုန်းခေါင် ရေဝေးအရပ်တွေပါ။



မြွေတွေဟာ အင်မတန် အန္တရာယ်ပေးနိုင်တယ်လို့ ဘော့ဘ်က ပြောတယ်။ တချို့မြွေတွေကတော့ အန္တရာယ်မရှိပါဘူး။ ဒါပေမဲ့ တောထဲမှာနေတဲ့ မြွေညို၊ ကျားမြွေနဲ့ တိုင်ပန်တို့လို မြွေတချို့ကတော့ အဆိပ်ပြင်းပါတယ်။




အဆိပ်ရှိတဲ့မြွေတွေ ကိုက်တဲ့အခါ သူတို့ရဲ့အစွယ်ကနေ အဆိပ်တွေ ထုတ်လွှတ်တယ်။ မြွေတွေဟာ အနှောင့်အယှက်ပြုတာကို မနှစ်သက်ပါဘူး။ သူတို့ကို ကြောက်ရွံ့စေပါတယ်။ ဒါကြောင့် မြွေတွေနဲ့ ဝေးဝေးမှာ နေပါ။

စတိဗ်ရဲ့အိမ်ထဲမှာလည်း စိတ်ဝင်စားစရာတွေ ရှိနေပါတယ်။ စတိဗ်ရဲ့မိခင် လင်းအာဝင်က သူနာပြုဆရာမပါ။ မွေးကင်းစကလေးတွေကို ပြုစုစောင့်ရှောက်ပါတယ်။ (တိရစ္ဆာန်သားပေါက်ကလေးတွေ အပါအဝင်) ဘယ်လိုကလေးမျိုးမဆိုပေါ့။ ဘော့ဘ်က မြွေတွေ၊ ပုတ်သင်မျိုးနွယ်တွေ၊ အပင်တွေကို ချစ်သလို လင်းကလည်း ကလေးသူငယ်တွေကို ချစ်တတ်ပါတယ်။

တစ်ခါတလေ လင်းနဲ့ ဘော့ဘ်တို့ဟာ သားပိုက်ကောင်၊ (သားပိုက်ကောင်မျိုးရင်းဝင်) ကိုအာလာ၊ အပေါ့ဆမ်သားပိုက်ကောင်ငယ်မျိုးတွေ လမ်းနံဘေးမှာ လဲနေတာကို တွေ့တတ်ကြတယ်။ လင်းက ကားရပ်ပြီး တွေ့တဲ့ အကောင်ကို အိမ်ကို ယူဆောင်သွားပါလိမ့်မယ်။ ဝမ်းဗိုက်အိတ်ထဲမှာ သားကလေးရှိနေသလား စစ်ဆေးကြည့်ပါလိမ့်မယ်။ လင်းက သားပိုက်ကောင်ပေါက်ကလေး၊ ကိုအာလာပေါက်စလေး၊ ဝေါ့လဘီလေး၊ အပေါ့ဆမ်လေးတွေ အားလုံးကို 'ဂျိုးအီ' လို့ ခေါ်ပါတယ်။ စတိဗ်ရဲ့ ပထမဆုံးကစားဖော်တွေဟာ အဲဒီဂျိုးအီလေးတွေပေါ့။



စတိဗ် နည်းနည်း အရွယ်ရောက်လာတဲ့အခါ မြွေတွေ၊ အခြားအန္တရာယ်ရှိတဲ့ တိရစ္ဆာန်တွေနဲ့ ပတ်သက်လို့ ဖခင်ရဲ့ သတိပေးချက်ကို လိုက်နာလာပါတယ်။ မြွေတွေကို ဖမ်းကိုင်မယ့်အစား နောက်ဆုတ်ပြီး နေတတ်လာတယ်။ ဖခင် ဘော့ဘ်က တွားသွားသတ္တဝါလေးတွေကို ချစ်ခင်စိတ်နဲ့၊ လေးစားမှုနဲ့ ကိုင်တွယ်တာကို စတိဗ်က ကြည့်နေတတ်တယ်။






ဘော့ဘ် မြွေတွေ၊ ပုတ်သင်တွေ ရှာဖွေဖို့ တောထဲသွားတဲ့အခါ ဇတ်ဗ်လည်း လိုက်သွားတတ်တယ်။ ဘော့ဘ်က တောရိုင်းတိရစ္ဆာန်အားလုံးကို ညွှန်ပြတတ်တယ်။ ရေပြင်ညစ်ညမ်းမှုကြောင့် ဖားတွေ ဘယ်လိုပျောက်ကွယ်သွားရတယ်ဆိုတာ ဘော့ဘ်က ရှင်းပြပါတယ်။

ဖားတွေဟာ အကူအညီ လိုအပ်နေပြီတဲ့၊ အဲဒီလိုမှမဟုတ်ရင် မကြာခင်မှာ ဖားတွေ မျိုးသုဉ်းကုန်တော့မယ်လို့ ပြောပြတယ်။ ဒီကမ္ဘာပေါ်မှာ ဖားဆိုတာ မရှိတော့ဘူးပေါ့။ လူတွေက မြေတွေကို ရှင်းလင်းပြီး သစ်ပင်တွေကို ခုတ်လှဲပစ်နေကြတယ်။ လှပတဲ့ ငှက်ကလေးတွေလည်း သူတို့ရဲ့ အိမ်ရာကို ဆုံးရှုံးနေကြရပါပြီ။

သားအဖနှစ်ယောက် မိကျောင်းတွေကိုကြည့်ဖို့ တောထဲထွက်ကြတဲ့အခါ စတိဗ်က မြစ်ကမ်းနံဘေး ကပ်ပြီးသွားတယ်။ အဲဒီအခါမှာ ဘော့ဘ်က



FRESHWATER CROCODILE


အဲဒါ ရေချိုမိကျောင်းတွေလို့ ပြောပြပါလိမ့်မယ်။ အဲဒီမိကျောင်းတွေဟာ ရေငန်မဟုတ်တဲ့ ရေချိုမြစ်တွေနဲ့ ချောင်းတွေမှာ နေကြတယ်။ ရေငန်မိကျောင်းတွေက ရေငန်တဲ့ ပင်လယ်၊ သမုဒ္ဒရာတွေထဲမှာ နေကြတယ်။ အဲဒီ ရေငန်မိကျောင်းတွေဟာ တစ်ခါတစ်ရံ ဟိုဟိုဒီဒီသွားရင်း ရေချိုအရပ်ဆီ ရောက်လာတတ်ကြတယ်။ ရေငန်မိကျောင်းတွေက ရေချိုမိကျောင်းတွေထက် ပိုကြီးမားပြီး အန္တရာယ်ပိုကြီးပါတယ်။



SALTWATER CROCODILE

ဘော့ဘ်ဟာ သူချစ်တဲ့ တောရိုင်းတိရစ္ဆာန်တွေကို ဘယ်တော့မှ မကြောက်ရွံ့ပါဘူး။ ဒါပေမဲ့ တစ်ခါတလေတော့ ဒေါသထွက်ပုံရတယ်။ လူတွေက လုပတဲ့မိကျောင်းတွေ၊ မြွေနဲ့ ပုတ်သင်မျိုးနွယ်တွေကို သတ်ဖြတ်ချင်တတ်ကြတယ်။ တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်သူတွေက အဲဒီတိရစ္ဆာန်တွေကို ပစ်ခတ်ပြီး အရေခွံတွေကို ဖိနပ်၊ လက်ကိုင်အိတ် လုပ်တဲ့သူတွေကို ရောင်းချနေကြတယ်။

စတိဗ် ၆ နှစ်သားအရွယ်မှာ ဘော့ဘ်က ၁၂ ပေရှည်တဲ့ စပါးအုံးမြွေတစ်ကောင် လက်ဆောင်ပေးခဲ့တယ်။ စပါးအုံးမြွေတွေက အဆိပ်မရှိပါဘူး။ သူတို့ရဲ့အစာ သားကောင်တွေကို ညှစ်ပြီး သတ်ဖြတ်လေ့ရှိတယ်။ ဒီတော့ စပါးအုံး မြွေတွေ ကလည်း အန္တရာယ် ပေးနိုင်တာပါပဲ။ ဘော့ဘ်က စတိဗ်ကို သတိထားတတ်အောင် သင်ကြားပေးပါတယ်။ စတိဗ်ဟာ သူ့ရဲ့ အကောင်သစ်ကို နှစ်သက်ပါတယ်။ နာမကျန်းဖြစ်နေ၊ ဒဏ်ရာရနေတဲ့ တိရစ္ဆာန်ပေါက်ကလေးတွေကို သူ့မေမေ ကိုင်တွယ်သလိုမျိုး စတိဗ်ကလည်း သူ့အကောင်ကို ညင်ညင်သာသာ ကိုင်တွယ်ပါတယ်။



ညချမ်းအချိန်တွေမှာတော့ ဘော့ဘ်နဲ့ လင်းတို့က သူတို့မိသားစုဟာ တောရိုင်းတိရစ္ဆာန်တွေကို ကူညီစောင့်ရှောက်ခြင်းနဲ့ အချိန်ကုန်စေဖို့ ဆန္ဒရှိကြတဲ့အကြောင်း ပြောကြတယ်။ ခုဆိုရင် သူတို့လင်မယားမှာ ကလေး ၃ ယောက် ရှိနေပါပြီ။ ဂျိုင်း၊ စတိဗ်နဲ့ နောက်ထပ်မွေးဖွားလာတဲ့ မန်ဒီတို့ပါပဲ။




အာဝင်မိသားစုဟာ သမုဒ္ဒရာကမ်းခြေအနီးမှာ မြေနေရာဝယ်ဖို့ ဆွေးနွေးတိုင်ပင်ကြတယ်။ အားလုံး မိသားစုအနေနဲ့ အတူတကွ အလုပ်လုပ်နိုင်ကြမှာပါ။ ဘော့ဘ်က ကွားသွားသတ္တဝါတွေနဲ့ အချိန်ကုန်ပါလိမ့်မယ်။ လင်းကတော့ တီရစ္ဆာန်ပေါက်ကလေးတွေကို ပြုစုစောင့်ရှောက်ဖို့ နေရာ ပိုလိုအပ်ပါလိမ့်မယ်။ သူတို့နှစ်ယောက် ဩစတြေးလျရဲ့ တောရိုင်းတိရစ္ဆာန်တွေအကြောင်း သင်ကြားပေးနိုင်ကြပါလိမ့်မယ်။ အဲဒီမှာ ဘေးမဲ့တောတစ်တော ဖန်တီးကြတော့မှာပေါ့။ လူတွေ တိရစ္ဆာန်တွေကို အခကြေးငွေပေးပြီး ကြည့်ရှုနိုင်ကြပါလိမ့်မယ်။

အဲဒီအစီအစဉ်အကြောင်း ဆွေးနွေးတိုင်ပင်ကြလေ၊ တစ်မိသားစုလုံး စိတ်လှုပ်ရှားမိကြလေပါပဲ။ မိသားစုဟာ အိမ်ဆောက်နေတုန်း နောက်တွဲယာဉ်ပေါ်မှာ နေထိုင်နိုင်ကြမယ်။ ဘော့ဘ်က အိမ်ဆောက်ရာမှာလည်း ကျွမ်းကျင်ပါတယ်။ အလျင်တုန်းကတည်းက အိမ်တွေဆောက်လုပ်ရာမှာ အကူအညီပေးနေခဲ့တာပါ။ ဘော့ဘ်က အိမ်နဲ့ တိရစ္ဆာန်ဥယျာဉ်အတွက် အစီအစဉ်ဆွဲထားပြီးနေပါပြီ။ လင်းက ငွေကြေးအတွက် တာဝန်ယူပါတယ်။

၁၉၇၀ ခုနှစ်မှာတော့ စတိဗ်အာဝင် ၈ နှစ်အရွယ် ရောက်ပါပြီ။ အာဝင်မိသားစုမှာ ဆုံးဖြတ်ချက်တစ်ခု ရှိနေပါတယ်။ အခုတော့ သူတို့ရဲ့ စိတ်ကူးအိပ်မက်အတိုင်း ဆက်လုပ်ဖို့ အချိန်ကျပြီပေါ့။

## အခန်း – ၂

## တိရစ္ဆာန်ဥယျာဉ်မှာ ကြီးပြင်းရတဲ့ဘဝ





ကွင်းစလန်ပြည်နယ်၊ ဘီယာဝါဆိုတဲ့ နေရာဟာ တွားသွားတိရစ္ဆာန်ဥယျာဉ် တည်ဆောက်ဖို့အတွက် ပြီးပြည့်စုံတဲ့ နေရာတစ်နေရာလို့ ထင်မြင်ရတယ်။ ဘီယာဝါဟာ ဩစတြေးလျနိုင်ငံ၊ ဆန်းရှိုင်းကမ်းခြေရဲ့ အလှပဆုံး နယ်မြေတွေထဲက တစ်ခုပါ။ ကမ္ဘာလှည့်ခရီးသည်တွေ လာရောက်စုဝေးတတ်ကြတယ်။ အထူးသဖြင့် နွေရာသီကာလမှာပေါ့။


မိနစ် ၂၀ လောက် မောင်းသွားရင် ပစိဖိတ်သမုဒ္ဒရာကို ရောက်တယ်။ တောင်ဘက် ဂလတ်စ်ဟောက်စ် တောင်တန်းဆီ ၁၅ မိနစ်လောက်ပဲ မောင်းရတယ်။ ကမ္ဘာအနှံ့ကလူတွေ အဲဒီကိုလာရောက်ပြီး အပျော်ခြေလျင်ခရီး ထွက်

တတ်ကြတယ်။ အနောက်ဘက်နဲ့ တောင်ဘက်တွေမှာတော့ သစ်တောတွေနဲ့ မြစ်တွေ ရှိတယ်။ မြွေတွေ တွားသွားရာ၊ မိကျောင်းတွေ နေပူဆာလှုံရာ အရပ်ပေ့ါ။ တောင်ဘက်ကို တစ်နာရီလောက် မောင်းသွားရင် ဘရစ္စဘိန်းမြို့ ရှိနေပါတယ်။

အာဝင်မိသားစုဟာ ဘီယာဝါမှာ မြေ ၄ ဧကဝယ်ယူပြီး သူတို့ရဲ့ အပန်းဖြေ နောက်တွဲယာဉ်လေးနဲ့အတူ အခြေချဖို့ ကြိုးစားခဲ့ကြတယ်။ နောက်တွဲယာဉ်ပေါ်မှာ နေထိုင်ရတာ ကျဉ်းကျဉ်းကျပ်ကျပ်နိုင်လှတယ်လို့ ပြောရမှာပေ့ါ။ လူကြီးနှစ်ယောက်၊ ကလေး ၃ ယောက်၊ မြွေတွေ၊ တိရစ္ဆာန်သားပေါက်ကလေးတွေ၊ မိသားစုပိုင်ဆိုင်သမျှ အရာအားလုံးနဲ့လေ။



ဘော့ဘ်က ရုံတစ်ရုံနဲ့ တွားသွားသတ္တဝါ မြဲတချို့ ဆောက်လုပ်ပါတော့တယ်။ မကြာခင် အာဝင်မိသားစုဟာ ပုံမှန်ဖြစ်စပြုလာပါတယ်။ မိသားစုပိုင် ပစ္စည်းပစ္စယတွေကို ရုံထဲမှာထားတယ်။ တွားသွားသတ္တဝါ အကောင်များများက သူတို့နေရာမှာ သူတို့။ ဘော့ဘ်နဲ့ လင်းတို့ဟာ သူတို့ရဲ့ စိတ်ကူးအိပ်မက်ထဲမှာ စတင်နေထိုင်နေကြပါပြီ။ ပြီးပြည့်စုံတဲ့ အိမ်လေးတစ်လုံး တည်ဆောက်ဖို့ အချိန်ယူရပါတယ်။ ဒါပေမဲ့ ဘယ်သူမှ စိတ်ပျက်ပုံမရပါဘူး။ အပျော်စီးနောက်တွဲယာဉ်ထဲ နေထိုင်ရတာ ပျော်စရာကောင်းပါတယ်။ အဲဒီနောက်တွဲယာဉ်ထဲမှာပဲ နောက်ထပ် ၂ နှစ် နေထိုင်ကြရတယ်။





စတိဗ်ဟာ မနက်တိုင်း လဲန်စ်ဘိုရိုအစိုးရကျောင်း ကျောင်းဝတ်စုံကို ဝတ်ဆင်တယ်။ ကျောင်းက အိမ်သစ်နဲ့ သိပ်မဝေးပါဘူး။ ဒါပေမဲ့ မကြာခဏ ကျောင်းနောက်ကျနေတတ်တယ်။ လင်းက အဆင်သင့်ဖြစ်ပြီ။ ဂျိုင်းနဲ့ မန်ဒီ တို့လည်း အဆင်သင့်ဖြစ်ကြပြီ။ စတိဗ်လည်း အဆင်သင့်ပါပဲ။ ဒါပေမဲ့ သူ့ကို



ဘယ်သူမှ ရှာလို့မတွေ့နိုင်တာပါ။ လင်း၊ ဂျိုင်းနဲ့ မန်ဒီတို့ ကားထဲမှာ စောင့်နေတုန်း ဘော့ဘ်က တောထဲဝင်ရှာပြီး စတိဗ်ကို အော်ခေါ်ရတယ်။ စတိဗ် ဘယ်ရောက်နေပါလိမ့်။



တောထဲဝင်ပြီး စူးစမ်းရှာဖွေရေး လုပ်နေတာပေါ့။ စိတ်လှုပ်ရှားစရာကောင်းတဲ့ နေရာသစ်မှာ ရှာဖွေစရာတွေက အများကြီးပါပဲ။ သစ်ပင်တွေပေါ်မှာ ရယ်သံတွန်ကျူးတတ်တဲ့ ကူးကာဘားရာနဲ့ တခြားငှက်တွေ အများကြီး။ ချောင်းမြောင်းတွေက ငါးတွေ၊ မြွေတွေနဲ့ သက်ဝင်လှုပ်ရှားလို့လေ။

၁၉၇၀ နှစ်ကုန်ပိုင်းမှာ ဘီယာဝါ တွားသွားတိရစ္ဆာန်ဥယျာဉ် စတင်လည်ပတ်ပါပြီ။ လင်းနဲ့ဘော့ဘ်တို့က ဒေသတွင်းက သတင်းစာမှာ ကြော်ငြာထည့်တယ်။ သတင်းထောက်တွေက သတင်းဆောင်းပါးတွေ ရေးသားကြတယ်။ လူတွေ တိရစ္ဆာန်ဥယျာဉ်ကို လာကြည့်ပြီး တစ်ဆင့်စကား သတင်းပေးကြတယ်။ ကမ္ဘာလှည့်ခရီးသည်တွေလည်း ရောက်လာကြတယ်။ တိရစ္ဆာန်အိမ်တွေလည်း ထပ်မံတည်ဆောက်ခဲ့ပါတယ်။ တိရစ္ဆာန်ဥယျာဉ်ဟာ တိုးပွားလာပါပြီ။ နောက်ဆုံးမှာတော့ အာဝင်မိသားစုဟာ သူတို့ နှစ်သက်တဲ့အရာကိုလုပ်ပြီး ဝင်ငွေရှာနိုင်ကြပြီပေါ့။



# ချုံတော




ဩစတြေးလျသားတွေဟာ မြို့ကြီး၊ မြို့ငယ်တွေနဲ့ ဝေးလှမ်းတဲ့ 'ချုံတော' (the Bush) လို့ခေါ်တဲ့ နယ်မြေတွေကို ပိုပြီးသဘောကျကြတယ်။ လူစုလူဝေးနဲ့ ဆူညံသံတွေကို ရှောင်ရှားဖို့ အဲဒီ'ချုံတော'ကို သွားတတ်ကြတယ်။ တောထဲက သရက်ပင်တွေအောက်မှာ စခန်းချပြီးနေကြတယ်။ ကျေးငှက်သာရကာတွေရဲ့အသံကို နားဆင်၊ ကြည်လင်တဲ့ ရေထဲက ငါးတွေကို ကြည့်ရှုတတ်ကြတယ်။ ဒါပေမဲ့ မြို့ကြီးတွေကတော့ ကြီးမားသထက် ကြီးမားလာနေတာပါပဲ။ ပတ်ဝန်းကျင် ညစ်ညမ်းမှုနဲ့ မြေခုတ်ထွင် ရှင်းလင်းမှုတွေကြောင့် 'ချုံတော'ဟာ ဝေးသထက် အဝေးကို ရောက်ရောက်သွားနေပါပြီ။



ဘော့တ်ဟာ တောရိုင်း တိရစ္ဆာန်တွေကို လေ့လာရင်း ‘ချုံတော’ မှာပဲ နေတဲ့ အချိန်တွေ ပိုပိုများလာတယ်။ တောထဲမှာ သားပိုက်ကောင်တွေ ခုန်ဆွခုန်ဆွ သွားနေကြတယ်။ ယူကလစ်ပင်တွေပေါ်ကနေ ကိုအာလာ သားပိုက်ကောင်ငယ်လေးတွေက ငုံ့ကြည့်နေကြတယ်။ ရေချိုမိကျောင်းတွေ ရေထဲမှာ နှေးနှေးလေး သွားလာနေတာတွေကို မြစ်ကမ်းနံဘေးမှာ စောင့်ကြည့်တယ်။

စတိဗ်က ကျောင်းမတက်ရတဲ့ အချိန်တွေမှာ အဖေနဲ့ အတူ လိုက်သွားတတ်တယ်။ တစ်ခါတစ်ရံ မိကျောင်းတစ်ကောင် နာမကျန်း ဖြစ်နေပုံရတယ်လို့ သတိပြုမိတတ်တယ်။ တစ်ခါတစ်လေ

မိကျောင်းတွေဟာ ဒေါသတကြီး လှုပ်ယမ်းနေကြတယ်။ အဝေးက ဘူဒိုဇာတွေရဲ့အသံ ကြားရတယ်။ အဲဒီအသံတွေက မိကျောင်းတွေကို စိတ်မချမ်းမသာဖြစ်စေတယ်လို့ ဘော့ဘ်က ရှင်းပြပါတယ်။ အနီးနားမှာတင် အဆောက်အဦသစ်တွေ ဆောက်လုပ်ဖို့ မြေတွေကို ရှင်းလင်းနေကြတယ်။ ရေတွေညစ်ညမ်းစပြုနေပါပြီ။ မိကျောင်းတွေရဲ့နေရာဟာ ပြောင်းလဲနေပါပြီ။ အဲဒါကြောင့် မိကျောင်းတွေ နာမကျန်းဖြစ်ကုန်တာပေါ့။



ဘော့ဘ်နဲ့ စတိဗ်တို့က မိကျောင်းတွေကို ကယ်တင်ချင်ကြတယ်။ မိကျောင်းတွေဟာ သတ်ဖြတ်ခံရမယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီဆိုတာ ဘော့ဘ်က သိနေပါတယ်။ မြေနေရာတစ်နေရာ ရှင်းလင်းပြီဆိုရင် မရှေး မနှောင်းမှာ ဂေါက်ကွင်းတစ်ကွင်း၊ အိမ်တစ်အိမ် တည်ဆောက်ကြတော့မှာ ပေါ့။ ဒီတော့ လူအတော်များများက အနီးနားမှာ မိကျောင်းတွေကို ရှိမနေစေ ချင်ကြပါဘူး။ မိကျောင်းတွေကို လူတွေ ကြောက်ကြတယ်။ လူတချို့က မိကျောင်းတွေကို ပစ်ခတ်နေကြတယ်။ မိကျောင်းတွေလည်း ကြောက်တတ် ကြတာပါပဲ။ ဒီနယ်မြေကို ကျူးကျော်လာတဲ့ လူသားတွေက မိကျောင်းတွေရဲ့ အိမ်ရာကို အနှောင့်အယှက် ပေးနေပါပြီ။

ဘော့ဘ်ဟာ မိကျောင်းတွေကို ရေကြည်လင်ရာ၊ လုံခြုံဘေးကင်းမယ့် နေရာကို ရွှေ့ပြောင်းပေးဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ ဒါပေမဲ့ အလျင်ဦးဆုံး နာမကျန်းဖြစ်နေတဲ့ မိကျောင်းတချို့ကို ပြုစုကုသပေးဖို့ နည်းလမ်းတစ်ခု ရှာရပါလိမ့်မယ်။ သူ့တိရစ္ဆာန်ဥယျာဉ်ထဲမှာ လုံခြုံဘေးကင်းတဲ့နေရာ တစ် နေရာ တည်ဆောက်မယ်။ အဲဒီမှာ နာမကျန်းဖြစ်နေတဲ့၊ ဒဏ်ရာရနေတဲ့ မိကျောင်းတွေ တောထဲ ပြန်မရောက်ခင် ကောင်းမွန်လာတဲ့အထိ နေထိုင်နိုင် ပါလိမ့်မယ်။

ဘော့ဘ်က ပိုက်ကို အသုံးပြုပြီး မိကျောင်းတွေကို ဖမ်းဆီးနေစဉ်မှာ စတိဗ်က စောင့်ကြည့်နေလေ့ရှိတယ်။ မိကျောင်းတွေဟာ အနှောင့်အယှက် ပေးတာကို မုန်းတီးကြောင်း၊ ဒါပေမဲ့ မျက်လုံးတွေကို ဖုံးကွယ်ထားတဲ့အခါ အေးအေးဆေးဆေး ဖြစ်သွားတတ်ကြောင်း ဘော့ဘ်က ရှင်းပြပါတယ်။ စတိဗ်ကို (မိကျောင်း) မျက်ကာမျက်နှာဖုံး ပြုလုပ်ပုံ သင်ကြားပေးတယ်။ မိကျောင်းတွေ မကိုက်နိုင်အောင် မေးရိုးကို ဘယ်လို စည်းနှောင်ရမယ်ဆိုတာ ပြသပေးပါတယ်။





တစ်ခါတစ်ရံ မိကျောင်းကို ပိုက်နဲ့ ဖမ်းအုပ်ပြီး စိတ်ချရတဲ့အခါ တိရစ္ဆာန်ဥယျာဉ်ကို သယ်သွားဖို့ ထရပ်ကားပေါ်အတင်မှာ စတိဗ်က ကူညီလုပ်ကိုင်ပေးပါတယ်။



စတိဗ်နဲ့ ဘော့ဘ်တို့သားအဖ မိကျောင်းတွေအတွက် နေစရာအိမ်ကြီးကြီး တည်ဆောက်ကြတယ်။ ရေကန်တွေကို သန့်ရှင်းတဲ့ရေတွေ ဖြည့်ကြတယ်။ မိကျောင်းတွေ ပြန်လည်ကောင်းမွန်လာတဲ့အခါမှာ မိကျောင်းအတော်များများကို တောထဲ ပြန်ပို့ပေးပါတယ်။ ဒါပေမဲ့ ဥယျာဉ်မှာ တချို့တော့ ကျန်နေပါသေးတယ်။

ဘော့ဘ်ဟာ တိရစ္ဆာန်ဥယျာဉ်မှာ တောရိုင်းတိရစ္ဆာန်တွေအကြောင်း လူတွေကို ရှင်းပြပြောဆိုရတာကို နှစ်သက်ပါတယ်။ မကြာခင်မှာပဲ သတင်းစကား ပြန့်သွားပါပြီ။ ဘော့ဘ်အာဝင်ဟာ မြွေတွေနဲ့ ပတ်သက်လို့ ကျွမ်းကျင်ပညာရှင်ဖြစ်ကြောင်း ကျော်ကြားပါတယ်။ အခုတော့ မိကျောင်းတွေအကြောင်းကိုလည်း ပြောဆိုနေပြီပေါ့။






# မိကျောင်းတွေအကြောင်း

မိကျောင်းခေါင်းရှည်နဲ့ မိကျောင်းခေါင်းတိုတွေဟာ ဒိုင်နိုဆောတွေလိုပဲ သမိုင်းမတင်မီခေတ်က သတ္တဝါတွေပါ။ ဒိုင်နိုဆောတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၅ သန်းလောက်က မျိုးသုဉ်းပျောက်ကွယ်သွားကြပါပြီ။ ဒါပေမဲ့ မိကျောင်းတွေကတော့ တစ်နည်းနည်းနဲ့ ရှင်သန်ကျန်ရစ်နေပါတယ်။

မိကျောင်းခေါင်းရှည်နဲ့ ခေါင်းတိုတို့ဟာ မတူပါဘူး။ မိကျောင်း ခေါင်းရှည်တွေက အဓိကအားဖြင့် အာဖရိက၊ ဩစတြေးလျ၊ အိန္ဒိယနဲ့ တောင်အမေရိကတို့မှာ နေထိုင်ကြတယ်။ မိကျောင်းခေါင်းတိုအများစုဟာ အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနဲ့ တရုတ်နိုင်ငံတွေမှာ နေထိုင်ကြပါ တယ်။

ယေဘုယျအားဖြင့် မိကျောင်း ခေါင်းရှည်တွေက မိကျောင်းခေါင်းတိုတွေ ထက် ပိုမိုကြီးမားပါတယ်။ တချို့ပေ ၂၀ လောက်ရှည်ပြီး ပေါင် ၂,၀၀၀ လောက် အလေးချိန်စီးတယ်။

မိကျောင်းခေါင်းရှည်တွေဟာ ချွန်ပြီး ဗီ (V) ပုံသဏ္ဌာန်



CROCODILE


နှုတ်သီးတွေ ရှိတယ်။ မိကျောင်းခေါင်းတိုတွေက လုံးဝန်းတဲ့ (U) ပုံသဏ္ဍာန်နှုတ်သီးတွေ ရှိတယ်။

မိကျောင်းခေါင်းရှည်တွေဟာ အမြဲတစေ သူတို့ရဲ့ အောက်သွားတွေကို မြင်ရတယ်။ မိကျောင်းခေါင်းတိုတွေက တော့ ပါးစပ်ပိတ်ထားတဲ့အခါ အောက်သွားတွေကို မမြင်ရပါဘူး။

မိကျောင်းတွေဟာ ပါးစပ်ကနေ ချွေးထွက်တတ်ကြတယ်။ သူတို့ ပါးစပ်ဟာ အချိန်တိုင်းလိုလို ဟထားတာကြောင့်ပဲ ဖြစ်ပါတယ်။

ရေငန်မိကျောင်းတွေကို တစ်ခါတစ်ရံ 'ရေငန်ကောင်'တွေလို့ ခေါ်ကြတယ်။

ရေချိုမိကျောင်းတွေကိုတော့ 'ရေချိုကောင်'တွေလို့ ခေါ်လေ့ရှိတယ်။ 'ရေချိုကောင်'တွေဟာ 'ရေငန်ကောင်တွေထက် သေးပါတယ်။



ALLIGATOR


# အခန်း – ၃

## မိကျောင်းဖမ်းခြင်း

စတိဗ် ၉ နှစ်သားအရွယ် တစ်နေ့မှာတော့ ဘော့ဘ်ဟာ အနောက်ဘက်မှာ မြေတွေ ခုတ်ထွင်ရှင်းလင်းမယ်ဆိုတဲ့သတင်း ကြားလိုက်ရတယ်။ ဆည်တွေ တည်ဆောက်နေကြတယ်။ မြစ်တွေထဲမှာ နေထိုင်တဲ့ ငါးနဲ့ တွားသွားသတ္တဝါတွေ ပေါက်ကွဲမှုတွေကြောင့် အနှောင့်အယှက် ဖြစ်နေကြရပါပြီ။ မိကျောင်းတွေက အလုပ်သမားတွေကို ကြောက်ရွံ့နေကြတယ်။

ဘော့ဘ်က မိကျောင်းတွေ ပစ်ခတ်သတ်ဖြတ်ခံရမယ့် အခြေအနေဖြစ်နေပြီဆိုတာ သိနေပါတယ်။ မြစ်ကို ဆန်တက်ပြီး သူဘာလုပ်ပေးနိုင်မလဲ ကြည့်ရှုဖို့ ဆုံးဖြတ်လိုက်တယ်။

စတိဗ်လည်း အဖေနဲ့အတူ လိုက်ချင်တာပေါ့။ ဒါပေမဲ့ ကျောင်းဆိုတဲ့ ပြဿနာက ရှိနေတယ်လေ။ ဘာပဲဖြစ်ဖြစ် စတိဗ်ကတော့ ဆုံးဖြတ်ပြီးသားပါ။ အဖေနဲ့အတူ လိုက်မှာပေါ့၊ ဒါပဲလေ။ ''စခန်းချခရီးစဉ် မသွားရတော့ဘူးဆိုတာမျိုးနဲ့ တူနေမယ်ဆိုရင် ကျွန်တော် မြေပြင်ပေါ်လူးလိမ့်ပြီး လေထဲမှာ လက်တွေ ဝှေ့ယမ်းပစ်လိုက်မှာပေါ့'' လို့ စတိဗ်က နောက်ပိုင်းမှာ ပြောဆိုခဲ့ပါတယ်။



ဘော့ဘ်ကလည်း သူနဲ့အတူ စတိဗ် လိုက်ပါလာမှာကို ပျော်ရွှင်ကျေနပ်ပါတယ်။ ဒါပေမဲ့ သူ့မှာလည်း ပြဿနာတစ်ခု ရှိနေပါတယ်။ မိကျောင်းတွေဟာ အန္တရာယ်ပေးနိုင်တယ်လေ။ အထူးသဖြင့် ရေငန်မိကျောင်းတွေပေါ့။ ဒီတော့ ဘော့ဘ် ဆုံးဖြတ်ချက်တစ်ခု ချရပါတယ်။ သားအဖနှစ်ယောက် အတော်ကြာကြာ စကားပြောဆိုဆွေးနွေး မပြီးမချင်း စတိဗ် ဘယ်မှ မသွားရဘူးတဲ့။

ရေငန်မိကျောင်းတွေဟာ တိုက်ခိုက်သတ်ဖြတ်တတ်တဲ့ အကောင်တွေလို့ ကျော်ကြားပါတယ်။ သူတို့တွေဟာ မြင်း၊ နွား၊ တောဝက်တွေသာမက သတိမထားမိဘဲ အကြီးအကျယ် စိတ်လှုပ်ရှားနေတတ်တဲ့ ကလေးတွေ အပါအဝင် ဘာမဆို စားသောက်တတ်တဲ့ အကောင်တွေပါ။ ရေချိုမိကျောင်းတွေကတော့ အချိန်အတော်များများမှာ ငါးနဲ့ ပိုးမွှားကောင်တွေကိုပဲ စားသောက်တတ်ကြတယ်။ ရေချိုကောင်တွေက ထုံးစံအားဖြင့် လူသားကို စားသောက်လေ့ မရှိပေမဲ့ စိတ်အနှောင့်အယှက်ဖြစ်တဲ့အခါ ကိုက်တတ်ပါတယ်။



မိကျောင်းတွေရဲ့ အကြားအာရုံဟာ အင်မတန် ထက်မြက်ပါတယ်။ ပေါက်ကွဲမှု၊ ဘူဗိုဇာ၊ ဆူညံနေတဲ့ ကောင်လေးတွေရဲ့ အသံတွေလို ဆူညံသံတွေကို ကြောက်ရွံ့တတ်ကြတယ်။ လူတွေက သူတို့ကို ကယ်တင်ဖို့ ကြိုးစားတာကိုလည်း မသိကြပါဘူး။ သူတို့ကို ဖမ်းဆီးဖို့ကြိုးစားရင် လှုပ်ရှားလူးလွန့်ပြီး တိုက်ခိုက်တတ်ကြတယ်။

ဘော့ဘ်က စတိဝ်ကို မီကျောင်းတွေအနားမှာ ငြိမ်ငြိမ်သက်သက်၊ တိတ်တိတ်ဆိတ်ဆိတ် နေတတ်အောင် အမြဲ သင်ကြားပေးတယ်။ ဒါပေမဲ့ စတိဝ်အတွက် အဲဒီလိုနေဖို့က ခက်တယ်။ ငြိမ်ငြိမ်ထိုင်နေဖို့ မဖြစ်နိုင်သလောက်ပါပဲ။

ဘော့ဘ်က သူနဲ့အတူ လိုက်နိုင်တယ်လို့ ပြောလိုက်တဲ့အခါ စတိဝ်ခုန်ပေါက်ပြီး အိမ်ထဲမှာ ပတ်ပြေးနေတော့တယ်။ ဘော့ဘ်က စတိဝ်ကို





'ရေချိုကောင်'တစ်ကောင် ဖမ်းဆီးဖို့တောင် ခွင့်ပြုကောင်း ခွင့်ပြုနိုင်တယ်လေ။ စတိဝ်ဟာ အဖေ မိကျောင်းဖမ်းတာကို အကြိမ်များစွာ မြင်ဖူးထားပြီးသားပါ။

နောက်တစ်နေ့မှာတော့ သားအဖ နှစ်ယောက် ထရပ်ကားပေါ် အထုပ်အပိုးတွေ တင်ပြီး မြစ်အနောက်ပိုင်းဆီ ဦးတည်သွားကြတယ်။ စတိဝ်က မိကျောင်းဖမ်းခွင့်ပေးဖို့ ပူဆာတယ်။ ဒီတစ်ကြိမ်မှာတော့ ဘော့ဘ်က သဘောတူလိုက်ပါပြီ။

အဲဒီညမှာ မိကျောင်းဖမ်းတဲ့ကိစ္စ အောင်အောင်မြင်မြင် ဖြစ်ခဲ့ပါတယ်။ မြစ်ထဲမှာ မှောင်သွားတဲ့အခါ မိကျောင်းတွေရဲ့ မျက်လုံးတွေဟာ လမ်း အချက်ပြ အနီရောင် သင်္ကေတလို တောက်ပနေပါတယ်။ သားအဖနှစ်ယောက် စောင့်ဆိုင်းနေကြတယ်။

နောက်ဆုံးမှာတော့ အချိန်ကျပါပြီ။ စတိဝ် လှေကလေးရဲ့ ဦးပိုင်းပေါ် တက်လိုက်တယ်။ ဘော့ဘ်က ပဲ့ဘက်မှာပေ့ါ။ လက်နှိပ်ဓာတ်မီးတွေ ထိုးပြီး မှောင်မည်းနေတဲ့ ရေပြင်မှာ ဖြည်းဖြည်း ရွေ့လျားသွားကြတယ်။





''ဟိုမှာ တစ်ကောင်'' စတိဗ်က ပြောတယ်။ သားအဖနှစ်ယောက် ရေထဲက မိကျောင်းရဲ့ခေါင်းပိုင်းကို ကြည့်ကြတယ်။ မိကျောင်းက အကောင် သေးပါတယ်။ အကောင်သေးတယ်ဆိုတော့ စတိဗ် ဖမ်းနိုင်တဲ့သဘောပေ့ါ။ ၅ ပေ ကျော်ပုံမရပါဘူး။ ၉ နှစ်အရွယ် စတိဗ်အတွက် အန္တရာယ် ဖြစ်နိုင် လောက်အောင် မကြီးပါဘူး။

ဒီမိကျောင်းက 'ရေချိုကောင်'ပါ။ ''သား ဒီအကောင်ကို ဖမ်းလို့ ရမလား''လို့ စတိဗ်က မေးတယ်။ လက်နှိပ်ဓာတ်မီးကို ရေပြင်ပေါ်ထိုးပြီး ငုံ့ကြည့်တယ်။



နောက်တစ်ခဏအကြာမှာတော့ စတိဝ် လေ့ပေါ်ကဆင်းပြီး မိကျောင်းကျောပေါ် တက်ခွလိုက်ပါတော့တယ်။ မိကျောင်းအမြီးက လူးလွန့်လှုပ်ယမ်းနေတယ်။ ဒါပေမဲ့ စတိဝ်က ခြေထောက်နဲ့ညှပ်ပြီး မြဲမြဲချုပ်ထားနိုင်ပါတယ်။

မိကျောင်းဟာ စတိဝ်ထင်သလောက် မသေးပါဘူး။ ဒီအကောင်လေးဟာ စတိဝ်ခန္ဓာကိုယ် အရွယ်အစားလောက် ရှိနေပါတယ်။ မိကျောင်းက ရုန်းကန်နေတဲ့အခါ ဘောဘ် လက်နှိပ်ဓာတ်မီးကိုချပြီး စတိဝ်ဆီ ဆင်းသွားတယ်။ လက်တစ်ဖက်က စတိဝ်ကိုကိုင်၊ တစ်ဖက်က မိကျောင်းကို ဆုပ်ကိုင်




လိုက်တယ်။ နစ်ယောက်သား မိကျောင်းနဲ့အတူ လှေပေါ် ပြန်ရောက်ပါပြီ။ မျက်ကာအဝတ်နဲ့ ကြိုးတွေ ထုတ်လိုက်ကြတယ်။ မိကျောင်းမေးရိုးကို စည်းနှောင်လိုက်တဲ့အခါ စိတ်ချသွားရပြီပေါ့။



အဲဒီနောက်တော့ မိကျောင်းကလေးကို ပေါက်ကွဲသံတွေနဲ့ ဝေးရာ၊ မြစ်ထဲက လုံခြုံစိတ်ချရတဲ့နေရာကို ရွှေ့ပြောင်းပေးပြီးတဲ့အခါ စတိဝ် စိတ်ချမ်းသာသွားပါတယ်။ အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့ပြီလေ။ သူ့ဘဝမှာ ပထမဆုံးအကြိမ် မိကျောင်းဖမ်းနိုင်ခဲ့ပြီ။ ဘေးကင်းရာဆီ ပို့ဆောင်ပေးနိုင်ခဲ့ပြီ။ စိတ်လှုပ်ရှား ပျော်ရွှင်စရာကောင်းလှတယ်။ အခုတော့ မိကျောင်းလေး လုံခြုံစိတ်ချရပြီပေါ့။ လူသားတွေက သူ့ကို ထိခိုက်အောင် မလုပ်ကြပါဘူး။ စတိဝ်အာဝင်ဟာ အဲဒီနေ့မှာပဲ ဘာတွေပဲဖြစ်နေနေ အံ့သြစရာကောင်းတဲ့ တွားသွားသတ္တဝါတွေကို ကယ်တင်ရင်း သူ့ဘဝကို ကုန်ဆုံးစေတော့မယ်ဆိုတာ သူ့ဘာသာ သိလိုက်ပါတယ်။

# ဩစတေးလျ တောရိုင်းတိရစ္ဆာန်များ

**ဘဲတူဖျံတူ (Platypus)**။ ။ ရေနှော နို့တိုက်သတ္တဝါမျိုး။ ဘဲနှုတ်သီးနဲ့ ဘဲခြေထောက်မျိုးရှိပြီး အမြီးက ဘီဗာဖျံအမြီး၊ ကိုယ်လုံးက ဖျံကိုယ်လုံးမျိုး ရှိတယ်။ အထီးတွေက ခြေဖနောင့်ကနေ အဆိပ်ထုတ်နိုင်တယ်။




**တောခွေး (Dingo)**။ ။ တစ်ခါတစ်ရံ အုပ်စုလိုက် ခရီးနှင်တတ်တဲ့ တောခွေးတစ်မျိုး။

**ကိုအာလာသားပိုက်ကောင် (Coala)**။ ။ ယူကလစ်ပင်တွေပေါ် တက်နေတတ်တဲ့ ချစ်စရာတိရစ္ဆာန်လေးတွေပါ။ ဝက်ဝံမျိုးနွယ် မဟုတ်ပါဘူး။ သားပိုက်ကောင် မျိုးရင်းဝင် နို့တိုက်သတ္တဝါမျိုး ဖြစ်ပြီး သားပေါက်ကလေးတွေကို သားပိုက်ကောင်တွေလိုပဲ ဗိုက်အိတ်ထဲမှာ သယ်သွားတတ်ကြတယ်။

**ရယ်သံပြုတတ်တဲ့ တူးကာဘားရာ (Laughing Kookaburra)**။ ။ ပိန်ညင်းမျိုးနွယ်ငှက်။ ကျယ်လောင်ပြီး ရယ်သံနဲ့တူတဲ့ အသံ ပြုတတ်တယ်။


**နမ်ဘတ်ပုရွက်စားကောင် (Numbat)**။ ။ ခန္ဓာကိုယ်ပေါ်မှာ အစင်းကျားတွေပါတဲ့ ပုရွက်စားကောင်တစ်မျိုး။ ညသတ္တဝါ။



**တတ်စ်မေးနီးယန်း ဒက်ဗယ်လ် (Tasmanian Devil)**။ ။ ခေါသကြီးပြီး သွားတွေအပြင်ကို ထွက်နေတဲ့ သားပိုက်ကောင်မျိုးနွယ် သတ္တဝါ။ အခု အခါမှာ အားလုံးနီးပါး ဩစတြေးလျတောင်ပိုင်း၊ တတ်စ်မေးနီးယားကျွန်းပေါ်မှာ နေထိုင်ကြတယ်။

**ဝေါ့လဘီ (Wallaby)**။ ။ ဩစတြေးလျ သားပိုက်ကောင်မျိုးရင်းဝင်၊ သားပိုက်ကောင်ထက် အကောင်သေးငယ်တဲ့ သတ္တဝါ။ (ယုန်သာသာလောက်ရှိ)

**ဝမ်းဘတ် (Wombat)**။ ။ သားပိုက်ကောင်မျိုးနွယ် သတ္တဝါတစ်မျိုး။ ညမှာကျက်စားတဲ့ သတ္တဝါမျိုးဖြစ်ပြီး ညဘက်တွေမှာ တွင်းတွေတူး၊ မြက်နဲ့ သစ်ခေါက်တွေကို စားတတ်ကြတယ်။



# အခန်း – ၄

# ရေငန်ကောင်များနှင့် ရေလှောင်ကျောက်စီးခြင်း

စတိဗ် ကြီးပြင်းလာတဲ့အခါ ဘော့ဘ်ဟာ ဒုက္ခတွေ့နေတဲ့ ရေချို မိကျောင်းတွေ၊ မြွေတွေ၊ ပုတ်သင်မျိုးနွယ်တွေကို ကယ်တင်ဖို့ စတိဗ်ကို အားကိုးစ ပြုလာပါတယ်။ တစ်ခါတစ်ရံ သားအဖနှစ်ယောက် ချုံတောမှာ နေ့ပေါင်းများစွာ နေကြတယ်။ ကြယ်မြင် လမြင် အိပ်စက်ပြီး ဒုက္ခတွေ့နေတဲ့ မိကျောင်းတွေကို ရှာဖွေဖမ်းဆီးကြတယ်။ စတိဗ် အရွယ်ရောက်လာပြီး ထွားကျိုင်းလာသလို သူဖမ်းခွင့်ရတဲ့ မိကျောင်းတွေလည်း အကောင်ကြီးလာပြီပေါ့။

စတိဗ်ဟာ သူ့ကျောင်းက တခြားကလေးတွေနဲ့ မတူပါဘူး။ စတိဗ် မိကျောင်းဖမ်းထွက်နေချိန်မှာ တခြားကလေးတွေက ရက္ဂဘီ၊ ဘောလုံး၊ ခရစ်ကက်တွေ ကစားနေကြတာပေါ့။ စတိဗ်တို့အိမ်မှာကတော့ အစာကျွေးရမယ့် ပုတ်သင်မျိုးနွယ် အကောင်ပလောင်တွေ၊ မိကျောင်းတွေ၊ ကစားဖို့ မြွေတွေ ရှိနေပါတယ်။ တိရစ္ဆာန်ဥယျာဉ် ကြီးမားကျယ်ပြန့်လာတာနဲ့အမျှ ပိုမိုကြီးမား၊ ပိုမိုကောင်းမွန်တဲ့ တိရစ္ဆာန်လှောင်အိမ်တွေ တည်ဆောက်ဖို့ အကူအညီ လိုအပ်လာပါတယ်။ လင်းကလည်း အပေါ့ဆမ်၊ ကိုအာလာ၊ သားပိုက်ကောင်တွေ၊ ငှက်တွေနဲ့ ပုတ်သင်ပေါက်ကလေးတွေအတွက် အကူအညီ လိုအပ်နေပါတယ်။ 'လူတစ်ယောက်ဟာ ကျောင်းဆင်းချိန်မှာ ဒါတွေကို လုပ်နိုင်


နေတဲ့အခါ ဘာကြောင့် အားကစားတွေ လုပ်ချင်နေဦးမှာလဲ’လို့ စတိဗ် တွေးမိ တယ်။





ဒါပေမဲ့ မိကျောင်းဖမ်းတာလိုပဲ သူနှစ်သက်တဲ့ အားကစားတစ်ခုတော့ ရှိတယ်။ ရေလွှာလျှောစီးပါ။ စတိဗ်ဟာ အထက်တန်းကျောင်းတက်နေစဉ် ကာလတုန်းက တကယ်တော်တဲ့ ရေလွှာလျှောစီးသမားပေါ့။ စတိဗ်က ကယ်လွန်ဒရာ အထက်တန်းကျောင်း တက်ခဲ့တာပါ။ ကျောင်းက အိမ်ကနေ နာရီဝက်လောက်ပဲ ဝေးတယ်။ ဒါပေမဲ့ အကောင်းဆုံး ရေလွှာလျှောစီး ကမ်းခြေတွေထဲက တစ်ခုနဲ့တော့ ၅ မိနစ်လောက်ပဲ မောင်းရတယ်။ ဒီတော့ ရေလွှာလျှောစီးကစားခြင်းနဲ့ အချိန်တွေ ပိုပိုယူလာပါတော့တယ်။

၁၉၇၉ ခုနှစ်၊ စတိဗ် အထက်တန်းကျောင်းပြီးချိန်မှာတော့ ဘီယာဝါ တွားသွားတိရစ္ဆာန်ဥယျာဉ်ဟာ တိရစ္ဆာန်မျိုးစုံ ပြည့်လျှံနေပါပြီ။ အဆိပ်ရှိမြွေတွေရော အဆိပ်မရှိတဲ့ မြွေတွေပါ သစ်ကိုင်းတွေပေါ်မှာ ရစ်ခွေနေကြတယ်။ ကင်းလိပ်ချောတွေ၊ ပုတ်သင်ညိုတွေက လင်းရဲ့သားပိုက်ကောင်၊ ကိုအာလာပေါက်ကလေးတွေ၊ ငှက်ပေါက်စလေးတွေပေါ် ခုန်ကျော်သွားလာနေကြတယ်။ လုပ်စရာတွေက အများကြီးပါပဲ။ စတိဗ် အိမ်မှာရှိနေတဲ့အခါ တွားသွားသတ္တဝါတွေကို လာရောက်ကြည့်ရှုသူတွေဆီက ဝင်ကြေးကောက်ခံနေတဲ့ သူ့အစ်မနဲ့ ညီမလေးကို ကူညီတတ်တယ်။ မိကျောင်းတွေနဲ့ အခြားတွားသွားသတ္တဝါတွေကို ဘယ်လို အစာကျွေးတယ်ဆိုတာ ဧည့်သည်တွေကို ပြသတယ်။ ဧည့်သည်တွေ မေးသမျှကို ဖြေဖို့လည်း ကြိုးစားပါတယ်။



အဲဒီအချိန်မှာ ဘော့ဘ်အာဝင်က နာမည်ကြီးနေပါပြီ။ တိရစ္ဆာန်ဥယျာဉ်မှာ သူ့ရဲ့ဆွေးနွေးပြောဆိုမှုတွေအကြောင်း ဆောင်းပါးတွေကို ဒေသတွင်းက သတင်းစာတွေမှာ ဖော်ပြနေပါပြီ။

ဘော့ဘ်က သူချစ်တဲ့ တောရိုင်းတိရစ္ဆာန်တွေကို လူတွေ သိနားလည်လာစေဖို့ ပညာရေးက အကောင်းဆုံးနည်းလမ်း ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ မိကျောင်းနဲ့ မြွေတွေအပေါ် သိနားလည်လာတဲ့အခါ မကြောက်ကြတော့ပါဘူး။ ပစ်ခတ်သတ်ဖြတ်မှာလည်း မဟုတ်တော့ပါဘူး။ အဲဒီအချိန်မှာ ကမ္ဘာအနှံ့က လူတွေ ဘော့ဘ်ရဲ့ ပြောဆိုချက်တွေကို နားထောင်ဖို့ ရောက်လာနေကြပါပြီ။ ဧည့်သည်တွေပေးတဲ့ ငွေတွေဟာ တိရစ္ဆာန်ဥယျာဉ်ထဲကိုပဲ ရောက်သွားတာပါ။

၁၉၈၂ ခုနှစ်မှာ အာဝင်မိသားစုဟာ တိရစ္ဆာန်ဥယျာဉ်နံဘေးက မြေ ၄ ဧကကို ထပ်မံဝယ်ယူလိုက်ကြတယ်။ ဘော့ဘ်နဲ့ စတိဗ်တို့ သားအဖနှစ်ယောက် မြေကို အတူခုတ်ထွင်ရှင်းလင်း တည်ဆောက်ကြတယ်။ ကျင်း



တွေ တူးရတယ်၊ မြစ်ညင်းရိုး ကာရတယ်။ မိကျောင်းတွေနဲ့ အခြား တော တိရစ္ဆာန်တွေ ဘေးရန်ကင်းကင်းနဲ့ သွားလာစရာနေရာ ကျယ်သွားပါပြီ။

တိရစ္ဆာန်ဥယျာဉ်ဟာ သြစတြေးလျ တောရိုင်းတိရစ္ဆာန်တွေ အမျိုး အစားစုံလင်စွာ ပြည့်လျှံနေပါပြီ။ သတင်းစာတွေက ဒေသတွင်းမှာ လာ ရောက်ကြည့်ရှုဖို့ အကောင်းဆုံးနေရာလို့ ရေးသားနေကြတယ်။


၁၉၈၀ မှာတော့ 'ဘီယာဝါ တွားသွားတိရစ္ဆာန်ဥယျာဉ်' ဟာ 'ကွင်းစလန် တွားသွားသတ္တဝါနဲ့ ဒေသရင်း တိရစ္ဆာန်များဥယျာဉ်' ဖြစ်လာ ပါတယ်။ စတိဗ်လည်း အသက် ၂၀ ပြည့်ပါပြီ။ သူဟာ အိမ်မှာပဲ မိဘတွေ နဲ့အတူ အလုပ်လုပ်နေခဲ့တာပါ။ အခုတော့ တောထဲပြန်ဝင်ဖို့ ဆန္ဒ ရှိနေပါ တယ်။ တောရိုင်းထဲမှာ နေရာရွှေ့ပြောင်းပေးဖို့ လိုနေတဲ့ ဒုက္ခသည် မိကျောင်း တွေ ရှိနေတယ်လေ။

ဘော့ဘ်ကလည်း အသင့်ပါပဲ။ တိရစ္ဆာန်ဥယျာဉ်ကို လာရောက်ကြတဲ့ ဧည့်သည်တွေကလည်း အန္တရာယ်ရှိတဲ့ ရေငန်မိကျောင်းတွေ မြောက်ပိုင်းက မြစ်တွေ၊ ချောင်းတွေထဲ ဝင်လာနေကြကြောင်း ဘော့ဘ်ကို ပြောဆိုနေကြ တယ်။

ဧည့်သည်တွေက ''အဲဒီကောင်တွေ လူသားစားတယ် ကြားတယ်။ နည်းတဲ့ကောင်ကြီးတွေ မဟုတ်ဘူး။ ရေနားသွားရမှာတောင် ကြောက်တယ်။ ပစ်သတ်သင့်တယ်'' လို့ ပြောဆိုနေကြတယ်။

ဘော့ဘ်ကတော့ မိကျောင်းတွေဟာ နှစ်သန်းပေါင်း ၁၀၀ ကျော် ဝန်းကျင် ရှိနေပြီဖြစ်ကြောင်း ရှင်းပြဖို့ ကြိုးစားပါတယ်။ ဒိုင်နိုဆောတွေ

ထက်တောင် စောပါသေးတယ်။ တစ်နည်းနည်းနဲ့ ရှင်သန်နိုင်ခဲ့ကြတာ အခုကာလထိပေါ့။ လူတွေက မိကျောင်းသားရေနဲ့ချုပ်တဲ့ ဖိနပ်ကို စီးချင်ကြတယ်။ မိကျောင်းသားရေ လက်ကိုင်အိတ်တွေ ကိုင်ချင်ကြတယ်။ ဒီတော့ ဒီတွားသွား သတ္တဝါကြီးတွေကို သားရေရဖို့လေးအတွက် သတ်ဖြတ်နေကြတယ်လေ။ တစ်စုံတစ်ခုသာ မလုပ်ကြဘူးဆိုရင် ရေငန်မိကျောင်းတွေဟာ မျိုးသုဉ်းသွားတော့မှာလို့ ဘော့ဘ်က ရှင်းပြပါတယ်။



ဩစတြေးလျအစိုးရက ရေငန်မိကျောင်းတွေကို မျိုးသုဉ်းပျောက်ကွယ်တော့မယ့် သတ္တဝါတွေစာရင်းထဲမှာ ထည့်ထားပါပြီ။ မိကျောင်းတွေကို သတ်ဖြတ်တာဟာ ကြီးမားတဲ့ဒဏ်ငွေ ချမှတ်ခံရမယ့် အမှုပါ။ ထောင်တောင်ကျနိုင်ပါတယ်။ ဒါပေမဲ့ ရေငန်ကောင်တွေဟာ ပစ်ခတ် သတ်ဖြတ်ခံနေရတုန်းပါပဲ။

စတိဗ်ဟာ အဲဒီကာလတိုင်အောင် ရေချိုမိကျောင်းတွေကို နေရာရွှေ့ပြောင်း၊ ကယ်တင်တဲ့ အလုပ်မှာ အချိန်များစွာ ပေးနေဆဲပါ။ အခုတော့ ရေငန်မိကျောင်းတွေကို ကယ်တင်ဖို့ နည်းလမ်းကိုပါ ရှာဖွေချင်တဲ့ဆန္ဒ ရှိနေပါတယ်။

၁၉၈၅ ခုနှစ်မှာတော့ စတိဗ်ဟာ အစိုးရက ရေငန်မိကျောင်းတွေရဲ့ ပြဿနာကို ထိန်းချုပ်ဖို့ 'အရှေ့ကမ်းရိုးတန်း မိကျောင်း စီမံခန့်ခွဲရေး ပရိုဂရမ်'ကို တည်ထောင်လိုက်ကြောင်း ကြားသိလိုက်ရတယ်။ စတိဗ်နဲ့ ဘော့ဘ်တို့ အခမဲ့အကျိုးဆောင်တွေအဖြစ် လက်မှတ်ထိုး ဝင်ရောက်လိုက်ကြတယ်။ အဲဒီကတည်းက သူတို့သားအဖနှစ်ယောက် 'စိတ်အနှောင့်အယှက်ဖြစ်စရာ

ကောင်းတယ်လို့ ဆိုကြတဲ့' ဩစတြေးလျ ရေငန်မိကျောင်းတွေကို ဖမ်းဆီးပြီး ဘေးကင်းလုံခြုံရာဆီ ပို့ဆောင်ပေးတဲ့အလုပ်နဲ့ အချိန်ကုန်ကြပါတော့တယ်။ အဲဒီလို ပို့ဆောင်မပေးနိုင်တဲ့ ရေငန်မိကျောင်းတွေကိုတော့ တိရစ္ဆာန်ဥယျာဉ်ဆီ ပြန်လည်ယူဆောင်လာကြပါတယ်။



# အခန်း – ၅

## တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေး စစ်သည်တော်

၁၉၈၅ ခုနှစ်မှာ စတိဗ်အာဝင်ဟာ သူ့ဘဝတစ်လျှောက်လုံး အကောင်းဆုံး တွဲဖက်ဖြစ်လာမယ့် လူငယ်တစ်ယောက်နဲ့ တွေ့ဆုံခဲ့ရတယ်။ စတိဗ် ''ချိုတော''ကနေ အိမ်ပြန်ရောက်ပြီး တိရစ္ဆာန်ဥယျာဉ်မှာ ကူညီလုပ်ကိုင်ပေးနေစဉ်မှာ ဝက်စ်မန်နီယွန်က မိသားစုနဲ့အတူ တိရစ္ဆာန်ဥယျာဉ်ကို ရောက်လာခဲ့တယ်။ ဝက်စ်က ၁၄ နှစ်အရွယ်၊ စတိဗ်အောက် ၈ နှစ် ငယ်ပါတယ်။ ဒါပေမဲ့ အဲဒီအသက်ကွာဟမှုက သူတို့နှစ်ယောက်အတွက် အကြောင်းမဟုတ်ပါဘူး။ သူတို့ နှစ်ယောက်အတွက် မြွေတွေက အရေးပါပါတယ်။ မိကျောင်းတွေက အရေးပါပါတယ်။ အပေါ့ဆိမ်လေးတွေကသာ အရေးပါပါတယ်။ ဝက်စ်ဟာ



WES MANNION

စတိဗ်လိုပဲ တိရစ္ဆာန်တွေကို ချစ်တတ်တယ်၊ တိရစ္ဆာန်တွေအကြောင်း လေ့လာသင်ယူချင်ပါတယ်။ ကျောင်းဆင်းပြီးနောက် အားနေချိန်တွေနဲ့ ရက်သတ္တပတ် အားလပ်ရက်တွေမှာ လေ့လာသင်ယူဖို့ အကူအညီပေးနိုင်မလား လို့ စတိဗ်ကို မေးမြန်းပါတယ်။

တွားသွားတိရစ္ဆာန်ဥယျာဉ်က အရင်ကထက် ပိုမို ကြီးမားနေပါပြီ။ လုပ်စရာတွေက အများကြီး ရှိနေပါတယ်။ ဝက်စ်က ဘယ်လို အလုပ်မျိုးမဆို လုပ်ဖို့ အသင့်ဖြစ်နေတယ်။ သန့်ရှင်းရေး၊ ဆောက်လုပ်ရေး၊ တိရစ္ဆာန်တွေကို ထိန်းသိမ်းစောင့်ရှောက်ရေး စသဖြင့်ပေါ့။ တိရစ္ဆာန်တွေအနီးမှာ သူရှိနေနိုင်တဲ့အချိန်တွေမှာ ဘယ်လိုအလုပ်မျိုးမဆိုပေါ့။

သိပ်မကြာပါဘူး၊ ဝက်စ်ဟာ အချိန်တိုင်းနီးပါး တိရစ္ဆာန်ဥယျာဉ်မှာပဲ အချိန်ကုန်ပါတော့တယ်။ တတ်နိုင်သမျှ အချိန်တိုင်း လုပ်လက်စကို ရပ်တန့်ပြီး ဘော့ဘ် ဆွေးနွေးပြောဆိုနေတာတွေကို ဧည့်သည်တွေနဲ့အတူ ဝင်နားထောင်တတ်တယ်။ မကြာခင်မှာဘဲ ဝက်စ်ဟာ မိသားစုဝင်တစ်ယောက် ဖြစ်လာတော့တယ်။ ဧည့်သည်တွေက သူဟာ စတိဗ်ရဲ့ညီလို့ ထင်မြင်တတ်ကြတယ်။ စတိဗ်အတွက်တော့ အဲဒါက ကောင်းပါတယ်။

အခုတော့ သုံးယောက် ပေါင်းမိကြပါပြီ။ ရေချိုမိကျောင်းတွေကို ဖမ်းဆီးရာမှာ ဘော့ဘ်၊ စတိဗ်နဲ့ 'ညီငယ်' ဝက်စ်တို့ ၃ ယောက်ပေါ့။ ဒီတစ်ကြိမ်မှာ ဝက်စ်က လှေကလေးရဲ့ ဦးပိုင်းမှာ၊ လက်နှိပ်ဓာတ်မီးထိုးပြီး မိကျောင်းရဲ့ ဦးခေါင်းအရွယ်အစားကို ကြည့်တယ်။ အဲဒီနောက်တော့ မှောင်နေတဲ့ရေပြင်ထဲ ခုန်ဆင်းပြီး သူ့အတွက် ပထမဆုံးမိကျောင်းကို ဖမ်းချုပ်ထားတော့တယ်။ တစ်ခါတစ်ရံ ဘော့ဘ်နဲ့ စတိဗ်တို့ ရေချိုမိကျောင်းတွေကို ဘေးကင်းလုံခြုံရာဆီ ရွှေ့ပြောင်းဖို့ သွားကြတဲ့အခါ ဝက်စ်လည်း လိုက်ပါသွားတတ်ပါတယ်။



၁၉၈၇ ခုနှစ်မှာ ဘော့ဘ်က နေရာရွှေ့ပြောင်းမပေးနိုင်တဲ့ ရေငန်မိကျောင်းတွေအတွက် ဥယျာဉ်ထဲမှာ နေရာလိုအပ်နေပြီလို့ ဆုံးဖြတ်ခဲ့တယ်။ ရေငန်မိကျောင်းတွေဟာ သတ်ဖြတ်ခံရမယ့် အန္တရာယ် ကြုံနေကြရကြောင်း နေ့စဉ် ကြားသိနေကြရတယ်။ အဲဒီရေငန်မိကျောင်းတွေအတွက် ဥယျာဉ်ထဲမှာ ကြီးမားတဲ့နေရာတစ်ခု တည်ဆောက်ပါလိမ့်မယ်။ အဲဒီအတွက် မိသားစုတစ်စုလုံး အလုပ်လုပ်ကြရပါတယ်။ မကြာခင် 'မိကျောင်းသဘာဝဝန်းကျင်ဥယျာဉ်' ဟာ မိကျောင်းတွေအတွက် အဆင်သင့်ဖြစ်ပါပြီ။

ဝက်စ်က စတိဗ် ခေါ်ဆောင်လာတဲ့ ရေငန်မိကျောင်းတွေကို ဥယျာဉ်မှာပဲ ကူညီလုပ်ကိုင်ပေးတယ်။ ၁၉၈၈ ခုနှစ်မှာတော့ ဝက်စ်ဟာ တိရစ္ဆာန်ဥယျာဉ်မှာ အချိန်ပြည့် အလုပ်လုပ်ပါတော့တယ်။

စတိဗ်ကတော့ ဘော့ဘ်နဲ့အတူ မြောက်ပိုင်းကို သွားရတာကို နှစ်သက်ပါတယ်။ ဒါပေမဲ့ ဥယျာဉ်က မြန်မြန်ဆန်ဆန် ကြီးထွားဖွံ့ဖြိုးနေပြီလေ။ ဥယျာဉ်မှာ ဘော့ဘ်ရှိနေမှ ဖြစ်မှာပါ။ စတိဗ်ကတော့ တောထဲမှာပဲ နေဖို့ ဆုံးဖြတ်လိုက်တယ်။ မြစ်တွေ၊ ချောင်းတွေနံဘေးမှာ စခန်းချနေမယ်ပေါ့။ သူက တောရိုင်းထဲက အရာအားလုံးကို နှစ်သက်တယ်လေ။ ဗွေဖောက်နေတဲ့ ရေငန်မိကျောင်းတစ်ကောင်ကို ရှာဖွေတာ၊ ပိုက်ထောင်ချောက်ဆင်တာ၊ ဒေါသထွက်နေတဲ့ မိကျောင်းတစ်ကောင် လှေကလေးပေါ်ရောက်ဖို့ နပန်းလုံးရတာ၊ အဲဒီမိကျောင်းကို ထရပ်ကားပေါ်တင် သေတ္တာထဲထည့်တာ၊ ပိုပြီး လုံခြုံဘေးကင်းရာဆီ ပို့ဆောင်ပေးတာ၊ မိကျောင်းရဲ့အသက်ကို ကယ်တင်တာ အရာအားလုံးပါပဲ...။



အဲဒါက ထူးဆန်းပါတယ်။ အိမ်မှာ သူ့အတွေ့အကြုံတွေကို ရှင်းပြ ပြောဆိုပေမဲ့ ဘယ်သူကမှ အမှန်တကယ် နားမလည်ကြပါဘူး။ ဘော့ဘ်နဲ့ ဝက်စ်ကလွဲလို့ ဘယ်သူကမှ နားမလည်ကြပါဘူး။


ဒီတော့ စတိဗ်မှာ ဗီဒီယိုကင်မရာ လိုနေပြီလို့ ဘော့ဘ်က ဆုံးဖြတ်ပါတယ်။ အဲဒီနောက်တော့ စတိဗ်ဟာ တောရိုင်းထဲ သူ့ရဲ့ နေထိုင်ရှင်သန်ပုံကို မိတ်ဆွေတစ်ဦးကို ပြောပြနေသလို ဗီဒီယိုကင်မရာကိုကြည့်ပြီး တိုက်ရိုက် ရိုက်ကူး ပြောဆိုပါတော့တယ်။ တစ်ခါတလေ ညီမလေးမန်ဒီ လိုက်လာပြီး စတိဗ်ရဲ့ ကင်မရာသမားအဖြစ် အကူအညီ ပေးတတ်ပါတယ်။

လှုပ်ရှားယိမ်းထိုးနေတဲ့ ရေငန်မိကျောင်းတစ်ကောင်ရဲ့မေးရိုးကို စည်းနှောင်ပြီးတဲ့အခါ စတိဗ်က ကင်မရာကို ကြည့်ပြီး ''ခရစ်ကီ'' လို့ တိုးတိုး ပြောတတ်တယ်။

''ဘယ်လောက် လှလိုက်တဲ့ အကောင်လေးလဲ''လို့ တွင်းတူးနေတဲ့ ဝမ်းဘက် ကောင်လေးကို ညွှန်ပြပြီး ကင်မရာကို ကြည့်ပြောပါလိမ့်မယ်။

အရှေ့တိုင်း အညိုရောင် မြွေတစ်ကောင်ကို တွေ့တဲ့အခါ ''အန္တရာယ်၊ အန္တရာယ်၊ အန္တရာယ်''လို့ အော်ပါလိမ့်မယ်။





DINGO

စတိဗ်ဟာ ဘောဘ်လိုပဲ သင်ကြားခြင်းကိစ္စကို စလုပ်ကြည့်မယ်လို့ တွေးမိတယ်။ ချုံတောမှာ သူ တွေ့ရသမျှ ဩစတြေးလျ တောရိုင်းတိရစ္ဆာန်တွေအကြောင်း မျှဝေပေးရမယ့် အချက်အလက်တွေ အများကြီး ရှိနေပါတယ်။ ဒင်ဂိုတွေ၊ တောဝက်တွေ၊ ရေငန်မိကျောင်းတွေ၊ ဝေါလာဘီတွေပေါ့။



WALLABY

တစ်ခါတစ်ရံ ခြင်တွေက သောင်းကျန်း၊ ဒါမှမဟုတ် သူ့ရှက်ဖျင်တဲ့ အပြင်ဘက်မှာ မိုးက သည်းသည်းမည်းမည်း ရွာနေတဲ့ ညဘက်တွေမှာ မိတ်ဆွေတစ်ယောက်သာ အတူရှိနေရင် ကောင်းမှာပဲလို့ သူ တွေးမိတယ်။ အဲဒီနေ့ သူ သိခဲ့ရသမျှ အင်မတန် ကောင်းမွန်တဲ့ ဖြစ်ရပ်တွေအကြောင်း ပြောပြနိုင်မယ့် တစ်ယောက်ယောက်ပေါ့။

ခွေးတစ်ကောင် ရှိနေရင်တောင် ကောင်းပါလိမ့်မယ်…။

စတိဗ်ဟာ 'ဆူအီ' အကြောင်း ပထမဆုံးကြားသိခဲ့ရတာ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ ခရစ္စမတ်နေ့မှာပါ။ စတက်ဖော့ဒ်ရှိုင်းယား တယ်ရီယာ



ခွေးကလေး မွေးပြီးစလေးမှာပါ။ အဲဒီအကောင်လေးဟာ သူ လိုချင်နေတဲ့ ခွေးမျိုးပဲလို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ အဲဒီခွေးမလေးကို သူက 'ဆူအီ' လို့ အမည်ပေးခဲ့ပါတယ်။

စတိဗ်နဲ့ ဆူအီ တောထဲကို အတူ သွားကြမယ်၊ ကြယ်မြင် လမြင် ကောင်းကင်အောက်မှာ အတူအိပ်စက်ကြမယ်ပေါ့။ ဒါပေမဲ့ အစပိုင်းမှာတော့ ဆူအီ လေ့လာသင်ယူရမယ့် အရာလေးတချို့ ရှိနေပါတယ်။ မြွေတွေကို ဘယ်လို ရှောင်ရှားရမယ်၊ စတိဗ် ဆာလောင်နေတဲ့ မိကျောင်းတစ်ကောင်နဲ့ အလုပ်များနေချိန်မှာ နောက်မှာပဲ နေတတ်ရမယ်၊ တောဝက်တစ်ကောင် နောက် လိုက်နေချိန်မှာ အခြား သားရဲကောင်တွေရဲ့ အစားမခံရအောင် ဘယ်လိုနေရမယ်၊ ဘယ်လို တိတ်တိတ်ဆိတ်ဆိတ်နေရမယ် စတဲ့ အချက်တွေပေါ့။


ဆူအီဟာ နောက်ရက်သတ္တ ၆ ပတ်အကြာမှာ တိရစ္ဆာန်ဥယျာဉ်ကို ရောက်လာပါတယ်။ စတိဗ်ကတော့ သူ့ကို ချက်ချင်းပဲ လေ့ကျင့်သင်ကြားပေး

တော့တယ်။ ဆူအီ အသင့်အနေအထား ဖြစ်တဲ့အခါ စတိဗ်က ထရပ်ကားဆီ ဦးဆောင်ခေါ်သွားတယ်။ ဆူအီက ရှေ့ခန်းကို ခုန်တက်ပြီး စတိဗ်ကို ကြည့်တယ်။ အဲဒီညမှာ သူတို့တွေ စတိဗ်ရဲ့ အိပ်ရာလိပ်ပေါ်မှာ အတူအိပ်စက်ကြတယ်။ နောက်ညမှာတော့ စတိဗ်နဲ့ ဆူအီ တွေ့ဖောက်နေတဲ့ ရေငန် မိကျောင်း တစ်ကောင် ရှာဖွေကြတယ်။ စတိဗ် မြစ်ထဲဆင်းပြီး မိကျောင်းနား ကပ်သွားတဲ့အခါ ဆူအီက စိုးရိမ်နေပါတယ်။ ဒါပေမဲ့ လှေပေါ်မှာပဲ နေတယ်။ အသံမပြုပါဘူး။

မကြာခင်မှာပဲ ဆူအီက မိကျောင်းတွေနဲ့ ရှုပ်ထွေးနေတဲ့ စတိဗ်ကို ကူညီတတ်လာပါပြီ။ စတိဗ် မိကျောင်း ဖမ်းတော့မယ်ဆိုရင် တုတ်ချောင်း တစ်ချောင်း အဝေးကို ပစ်လိုက်တယ်။ ဆူအီက ရေကူး အင်မတန်တော်ပါတယ်။ တုတ်ချောင်းကို အမိအရ လိုက်ဖမ်းတယ်။ ဆူအီ တုတ်ချောင်းဆီ



# အာဝင်လိပ်



၁၉၉၀ စုနှစ်များ အစောပိုင်း တစ်နေ့မှာ စတိဗ်နဲ့ ဘော့ဘ်တို့ ဆူအီနဲ့အတူ မြစ်ထဲမှာ ငါးမျှားနေကြတယ်။ အဲဒီအချိန်မှာ ခေါင်းဖြူဖြူ၊ နှာခေါင်းနီနီနဲ့ ကိုက်တတ်တဲ့ လိပ်တစ်ကောင် အနီးနားမှာ ကူးခတ်နေတာကို သတိပြုမိလိုက်ကြတယ်။ စတိဗ်နဲ့ ဘော့ဘ်တို့ အနားကပ်သွားပြီး စူးစမ်းကြည့်ကြတယ်။ ဒီလိုလိပ်မျိုး မတွေ့ဖူးသေးပါဘူး။ အဲဒီလိပ်ကို အယ်လ်ဆီယာ အာဝီနီ (Elseya Irwini) သို့မဟုတ် 'ကိုက်တတ်တဲ့ အာဝင်လိပ်' လို့ အမည်ပေးခဲ့ကြတယ်။

# အခန်း – ၆


## မိကျောင်းမှဆိုး



IOHN STAINTON

ဂျွန်စတိန်းတန်က ရုပ်ရှင်ဒါရိုက်တာတစ်ဦးပါ။ တစ်နေ့တော့ ကြော်ငြာရိုက်ကူးဖို့ အာဝင် တိရစ္ဆာန်ဥယျာဉ်ကို ရောက်လာခဲ့တယ်။ တိရစ္ဆာန်တွေကို ရိုက်ကူးတယ်။ အဲဒီအချိန်မှာ စတိဗ်က အိမ်ကို အလည်အပတ် ရောက်နေချိန်ပေါ့။ မိကျောင်းတွေ အစာကျွေးပုံကို ဧည့်သည်တွေကို ပြသနေပါတယ်။

ဂျွန် အံ့အားသင့်သွားမိတယ်။ ပြပွဲပြီးချိန်မှာတော့ ဂျွန်နဲ့ စတိဗ်တို့ စကားတွေ အကြာကြီး ပြောဆိုဖြစ်ကြတယ်။ ဂျွန်က မိကျောင်း ဖမ်းပုံဖမ်းနည်းတွေကို မေးမြန်းတယ်။ စတိဗ်က 'ချူတော'မှာ သူ ရိုက်ကူးထားတဲ့ ဗီဒီယိုတချို့ကို ပြသပါတယ်။



ဂျွန်က အဲဒီဗီဒီယိုတွေကို သိမ်းဆည်းလိုက်ပြီး သူ့ကြော်ငြာကို ဆက်လက် ရိုက်ကူးပါတယ်။ အဲဒီနောက် စတိဗ်ရဲ့ဗီဒီယိုတွေကို ကြည့်မိတဲ့အခါမှာတော့ မျက်လုံးတွေကိုတောင် မယုံနိုင်ခဲ့ပါဘူး။ မိကျောင်းဆိုတာ ဂျွန်အတွက်တော့ ကြောက်စရာကောင်းပါတယ်။ ဒါပေမဲ့ စတိဗ်ကတော့ လုံးဝ ကြောက်ရွံ့ပုံ မရပါဘူး။

''ခရစ်ကီ ဒီအလှလေးက ဆာနေတာ'' လို့ စတိဗ်က တီးတိုးပြောနေတယ်။ မိကျောင်းနဲ့ ပတ်သက်လို့ စတိဗ် ဘယ်လောက် စိတ်လှုပ်ရှားနေတယ်ဆိုတာ ဂျွန် မယုံနိုင်လောက်အောင်ပါပဲ။ ဒီလူဟာ မိကျောင်းကို သူမြင်ဖူးသမျှ အလှဆုံးသတ္တဝါလို့ တကယ့်ကို ယူဆနေတာပဲ။ လက်တွေကို ဝှေ့ယမ်း။ ပါးစပ်ကလည်း ထူးဆန်းတဲ့ တိရစ္ဆာန်အသံမျိုးစုံ ရေရွတ်လို့လေ။

'ထူးကဲလှပသော' ဆိုတဲ့ စကားလုံးက စတိဗ် အကြိုက်ဆုံး စကားလုံးတစ်လုံးပေါ့...။

သူ့အတွက် အရာအားလုံးက 'ထူးထူးကဲကဲလှပ' နေပုံရတယ်။ မိကျောင်းရဲ့ ထက်ရှ တောက်ပြောင်နေတဲ့ သွားတွေကလည်း ထူးကဲလှပတယ်။ ရိုက်ပုတ်တတ်တဲ့ အမြီးကလည်း ထူးကဲလှပပါတယ်။

တကယ်တော့ စတိဗ်အာဝင်ရဲ့ ဘဝကလည်း အင်မတန် ကြီးကျယ်သားနားတဲ့ စွန့်စားခန်းကြီးတစ်ခု ဖြစ်ပုံရပါတယ်။

ဗွန်ဟာ ဗီဒီယိုအခွေကြမ်းတွေကို ထပ်ခါတလဲလဲ ကြည့်တယ်။ သူ့ခေါင်းထဲမှာ စိတ်ကူးတစ်ခု ပြည့်လျှံလာပါတယ်။ ဒီလိုနဲ့ စတိဗ်ဆီ ဖုန်းဆက်လိုက်တယ်။ ဗီဒီယိုရိုက်ကူးထားတာတွေကို ဩစတြေးလျ ချန်နယ်–၁၀ နက်ဝပ်မှာ ပြသချင်သလားလို့ မေးလိုက်ပါတယ်။

စတိဗ်က ''ခရစ်ကီ ...''တဲ့။

ချန်နယ်–၁၀ က ထုတ်လုပ်ရေးမှူး တစ်ယောက်လည်း ဗွန့်လိုပဲ အံ့အားသင့်သွားတယ်။ စတိဗ် ရှင်းပြပြောဆိုနေချိန်မှာ ကင်မရာကို ကြည့်တဲ့ပုံစံကို သူတို့နှစ်ဦးလုံး နှစ်သက်ကြတယ်။ တိရစ္ဆာန်တွေကို စကားပြောတဲ့အခါ စတိဗ် စိတ်လှုပ်ရှားနေပုံကိုလည်း နှစ်သက်ကြတယ်။ ဒီပုဂ္ဂိုလ်ဟာ တကယ့်ဆရာသမားပဲဆိုတာ သူတို့နှစ်ဦးလုံး သိလိုက်ကြပါပြီ။

ဗွန်က စတိဗ်ကို ''အလုပ်လုပ်ရမယ့်အချိန် ရောက်ပြီ''လို့ ပြောလိုက်တယ်။ ''ထုတ်လုပ်ရေးမှူးတွေက တစ်နာရီစာ အပိုင်း ၁၀ ပိုင်း လိုချင်နေကြတယ်။ သူတို့က ခင်ဗျားကင်မရာနဲ့ ခင်ဗျား ခုရိုက်ထားတဲ့အတိုင်းလေးပဲ လိုချင်နေကြတာ။ အနီးကပ်ဖြစ်မယ်၊ တစ်သီးပုဂ္ဂလ ဆန်မယ်ပေါ့ဗျာ''

ဒါပေမဲ့ စတိဗ်မှာ စဉ်းစားစရာ တခြားအရာတွေ ရှိနေပါတယ်။ သူ့ တိရစ္ဆာန်ဥယျာဉ်ကို လွှဲပြောင်းရယူခဲ့တာ မနှစ်ကမှပါ။ အရင်တုန်းကထက် လူကြိုက်များလာနေပါတယ်။ မြေနေရာတွေ ထပ်မံတိုးချဲ့၊ တိရစ္ဆာန်တွေ ပိုများလာအောင် လုပ်ခဲ့တယ်။ မိဘတွေဖြစ်တဲ့ ဘော့ဘ်နဲ့လင်းတို့က မြောက်ဘက် အတော်ဝေးဝေးက ရို့စ်ဒေးလ်မြို့လေးမှာ အနားယူနေကြပါပြီ။ ဒါပေမဲ့ အဲဒါတွေအားလုံးထက် ပိုအရေးကြီးတာက စတိဗ်ဟာ ပြီးပြည့်စုံတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ခဲ့ရတာပါ။ တယ်ရီရိန်းစ်ဟာ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလထဲမှာ စတိဗ်ရဲ့ တိရစ္ဆာန်ဥယျာဉ်ကို ရောက်လာခဲ့တယ်။ တောရိုင်းတိရစ္ဆာန်တွေကို လာကြည့်တာပေါ့။ တယ်ရီက အမေရိကန် ပြည်ထောင်စု၊ အော်ရီဂွန်ပြည်နယ်၊ ယူဂျင်းမှာ နေထိုင်ပါတယ်။ သြစတြေးလျကို ဌာနေတောတိရစ္ဆာန်တွေအကြောင်း လေ့လာဖို့ ခရီးလှည့်လည်နေတာပါ။



TERRI RAINES

စတိဗ်က ဥယျာဉ်မှာ မိကျောင်းတွေကို ဘယ်လို အစာကျွေးတယ်ဆိုတာ ဧည့်သည်တွေကို ပြသနေခဲ့တယ်။ တယ်ရီ စိတ်ဝင်စားသွားတယ်။ စတိဗ်နဲ့ တယ်ရီတို့ဟာ မတူညီတဲ့ လောကနှစ်ခုက လာကြတာပါ။ ဒါပေမဲ့

စကားပြောဆိုမိကြတဲ့အခါမှာတော့ သူတို့ရဲ့ နောက်ခံအခြေအနေတွေ တူညီနေတယ်ဆိုတာ သိလိုက်ကြရတယ်။ တယ်ရီရဲ့ဖခင်ဟာ လင်းအာဝင်လိုပဲ လမ်းနံဘေးက ဒဏ်ရာရနေတဲ့ တိရစ္ဆာန်တစ်ကောင်ကောင် တွေ့ရင် ကျော်မသွားနိုင်ပါဘူး။ လင်းအာဝင်လိုပဲ အိမ်ကို ခေါ်လာပြီး ပြုစုစောင့်ရှောက်ပေးတတ်တယ်။ ကောင်းမွန်လာတဲ့အခါ တောထဲကို ပြန်လည်ပို့ဆောင်ပေးလေ့ရှိပါတယ်။ တယ်ရီကလည်း သူ့ဖခင်လိုပဲ တိရစ္ဆာန်တွေကို ချစ်တတ်တယ်။ တယ်ရီ အရွယ်ရောက်လာတဲ့အခါ ဒဏ်ရာအနာတရ ဖြစ်နေတဲ့ လင့်ကြောင်မြီးတိုတွေနဲ့ အခြားတိရစ္ဆာန်တွေကို ပြုစုကုသပေးတဲ့ 'ကူးဂါကန်းထရီး' (သစ်ကြောင်နိုင်ငံ) အမည်ရှိ ဆေးကုခန်းတစ်ခု ဖွင့်လှစ်လုပ်ကိုင်နေပါတယ်။

စတိဗ်နဲ့ တယ်ရီတို့ စကားပြောဆိုနေစဉ်မှာ ဆူအီက ဟောင်လိုက်၊ အီလိုက် လုပ်နေတယ်။ စတိဗ်နဲ့ တယ်ရီတို့က ဆူအီ မနာလို ဖြစ်နေတယ်ဆိုတာ သိနေကြပြီး နှစ်သိမ့်ပေးကြတယ်။ ဒါပေမဲ့ ဆူအီက လက်မခံပါဘူး။ အထူးသဖြင့် အစပိုင်းမှာပေါ့။





တယ်ရီဟာ စတိဗ်နဲ့ တွေ့ဆုံပြီး မကြာခင်မှာပဲ ဩစတြေးလျကနေ ပြန်လည် ထွက်ခွာသွားတယ်။ ဒါပေမဲ့ နောက် ၄ လအကြာမှာ တစ်ခေါက် ရောက်လာပြန်ပါတယ်။ မကြာခင် တယ်ရီနဲ့ စတိဗ်တို့ လက်ထပ်ဖို့ကိစ္စ ဆွေးနွေးတိုင်ပင်ကြတယ်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှာ စတိဗ်နဲ့ တယ်ရီတို့ အော်ရီဂွန်ပြည်နယ်၊ ယူဂျင်းမှာ လက်ထပ်ခဲ့ကြပါတယ်။

အဲဒီနောက်တော့ လုပ်ငန်းခွင် ပြန်ဝင်ကြရတာပေါ့။

စတိဗ်ဟာ ရုပ်သံအစီအစဉ် စတင်ဖို့ စိုးရိမ်သောက ဖြစ်နေခဲ့တယ်။ ဂျွန်ကတော့ အစီအစဉ်တွေ ဆွဲနေပါပြီ။ လူတိုင်းက တယ်ရီပါ ပါစေချင်ကြတယ်။ စတိဗ်နဲ့ တယ်ရီတို့နှစ်ယောက်ပေါ့။ တယ်ရီက သူဘယ်နေရာမှာ ပါဝင်ရမလဲဆိုတာ သိချင်နေပေမဲ့ ဘာပဲဖြစ်ဖြစ် သူ့ဘက်က အသင့်ပါ။ စိတ်လှုပ်ရှားစရာတွေချည်းပါပဲ။ သူတို့နှစ်ယောက်ဟာ 'ချုံတော'မှာပဲ အနေများကြတယ်။ တယ်ရီက အဆိပ်ပြင်းတဲ့ မြွေတွေအကြောင်း လေ့လာတယ်။ စတိဗ် မိကျောင်းဖမ်းတဲ့အခါ အကူအညီပေးတယ်။ ဆူအီကိုလည်း အမြဲခေါ်သွားတတ်ကြတယ်။ အခုတော့ ဆူအီနဲ့ တယ်ရီ ခင်မင်နေကြပါပြီ။ အာဝင်လင်မယားအတွက် ပျားရည်ဆမ်းခရီးဟာ စောင့်ရမယ့်သဘော ရှိပါတယ်။

## အခန်း – ၇

## ကျော်ကြားမှုနဲ့ အနာဂတ်အတွက် အခြေအနေကောင်း

ဩစတြေးလျရဲ့ ချန်နယ် – ၁၀ က အပိုင်း ၁၀ ပိုင်းပါ အစီအစဉ်ကို ၁၉၉၂ မှာ စတင်ထုတ်လွှင့်ခဲ့တယ်။ အဲဒီအစီအစဉ်ကို 'မိကျောင်းမုဆိုး' ("The Crocodile Hunter") လို့ အမည်ပေးခဲ့ကြတယ်။ နောက် ၅ နှစ်အကြာ ၁၉၉၇ ခုနှစ်မှာ Animal Planet နက်ဝပ်က အမေရိကန်ပြည်ထောင်စုမှာ ပထမဆုံးအပိုင်းကို စတင် ထုတ်လွှင့်ခဲ့ပါတယ်။

အဲဒီနောက် သိပ်မကြာပါဘူး။ ကမ္ဘာတစ်ဝန်းလုံးမှာ 'မိကျောင်းမုဆိုး' ကို ကြည့်ရှုကြရပါပြီ။ နောက်ဆုံးမှာတော့ နိုင်ငံပေါင်း ၁၀၀ ကျော်မှာ ကြည့်ရှုသူ ပရိသတ် သန်း ၅၀၀ ကျော်အထိ မြင့်တက်လာခဲ့ပါတယ်။



စဝိဒ်နဲ့ တယ်ရီတို့ ကျော်ကြားသွားပါပြီ။ စဝိဒ်ကတော့ အဲဒီအတွက် ဘယ်လို ခံစားရသလဲ၊ သိပ် မသေချာပါဘူး။ အောင်မြင်ကျော်ကြားမှုကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါဘူး။ တစ်ခါတစ်ရံ သူကိုယ်ရေးကိုယ်တာတွေကို ဆုံးရှုံးနေရတယ်။ စဝိဒ် ဖြစ်ချင်တာက လူတွေ သူချစ်တဲ့ သဘာဝတောရိုင်းတိရစ္ဆာန်တွေအပေါ် နားလည်လာအောင် အကူအညီပေးချင်တာတစ်ခုတည်းပါ။ ဒါပေမဲ့ ကျော်ကြားမှုနဲ့ပတ်သက်လို့ ကောင်းတာတွေလည်း ရှိနေပါတယ်။ ကမ္ဘာအနှံ့ခရီးသွား။ စိတ်လှုပ်ရှားစရာကောင်းတဲ့ တောတိရစ္ဆာန်အသစ်တွေ ရှာဖွေပြီး လေ့လာနိုင်တယ်၊ အဲဒီတိရစ္ဆာန်တွေ အကြောင်း သင်ကြားပြသပေးတာမျိုးလည်း လုပ်နိုင်ပါတယ်။ ပရိသတ်တွေကို မျိုးသုဉ်းတော့မယ့် အန္တရာယ် ရင်ဆိုင်နေရတဲ့ တိရစ္ဆာန်မျိုးစိတ်တွေနဲ့ မိတ်ဆက်ပေးနိုင်ပါတယ်။ တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ခြင်းဟာ ဘာကြောင့် အရေးပါရသလဲဆိုတာကို နားလည်လာအောင်လည်း အကူအညီပေးနိုင်ပါတယ်။

ပရိသတ်တွေကို အင်ဒိုနီးရှားက ကိုမိုဒိုနဂါး ဘေးမဲ့ဥယျာဉ်နဲ့ မိတ်ဆက်ပေးတာမျိုးလည်း ဖြစ်ကောင်း ဖြစ်မယ်ပေ့ါ။ ကမ္ဘာပေါ်မှာ အကြီးမားဆုံး၊ အန္တရာယ်အပေးနိုင်ဆုံး ပုတ်သင်မျိုးနွယ်တွေကို မိတ်ဆက်ပေးတာမျိုးပေ့ါ။ ကိုမိုဒိုနဂါးတွေဟာ ဧရာမအကောင်ကြီးတွေပါ။ အတော်များများက ၁၀ ပေနီးပါး ကြီးထွားကြတယ်။ ဒိုင်နိုဆောတွေနဲ့ ဆင်တူပေမဲ့ ပုတ်သင်မျိုးနွယ်တွေ



သာဖြစ်ပြီး အစုံနီးပါး စားသောက်တတ်ကြတယ်။ အင်ဒိုနီးရှားကျွန်းစုမှာ နှစ်သန်းပေါင်းများစွာ သွားလာနေထိုင်ခဲ့ကြတာပါ။

စတိဝ်ဟာ ''မိကျောင်းမှဆိုး အပိုင်းတစ်ပိုင်း ရိုက်ကူးဖို့ အမျိုးသား ကိုမိုဒိုနဂါးဘေးမဲ့ဥယျာဉ်ကို သွားဖို့ စီစဉ်ခဲ့ပါတယ်။ လှေရျဉ်းကပ်သွားချိန်မှာ ကိုမိုဒိုနဂါးတစ်ကောင်က စတိဝ်တို့အဖွဲ့ကို ဆီးကြိုနှုတ်ဆက်တယ်။

ကိုမိုဒိုနဂါးဘေးမဲ့ဥယျာဉ်ကို လာရောက်တဲ့ ဧည့်သည်တွေဟာ လုံခြုံ ရေးအတွက် ဥယျာဉ်အစောင့်တပ်ဖွဲ့နဲ့အတူ သွားလာကြရပါတယ်။ ဒါပေမဲ့ စတိဝ်တို့အဖွဲ့ကိုတော့ သူတို့ဘာသာ လှည့်လည်ရိုက်ကူးခွင့် ပြုထားပါတယ်။ ဥယျာဉ်ထဲမှာ နဂါးတွေ နေရာအနှံ့ရှိနေတာပါ။ ဝင့်ဝင့်ကြွားကြွား လမ်းသလား လို့...။ ကိုက်ဝါးလို့...။ စတိဝ်ကို အမြီးနဲ့ ရိုက်ကြ...။ လမှတောထဲမှာ တော ဝက်တွေနောက် လိုက်နေကြတယ်။

လည်ချောင်းထဲမှာ ငါးမျှားချိတ်စူးနေတဲ့ ကိုမိုဒိုနဂါးတစ်ကောင်ဟာ ငါးမျှားချိတ်ကိုထုတ်ဖို့ ကြိုးစားရင်း စတိဝ်ကို ညစာအဖြစ် တွေးပုံရတယ်။ စတိဝ်က သစ်ပင် တစ်ပင်ပေါ် ဖက်တက်ပြီး ''အန္တရာယ်၊ အန္တရာယ်၊ အန္တရာယ်'' လို့ အော်ဟစ်သတိပေးတယ်။ ကိုမိုဒိုက စတိဝ်ကို ဖမ်းဖို့ကြိုးစား တယ်။ ဒါပေမဲ့ စတိဝ် လွတ်မြောက်ခဲ့ပါတယ်။



နောက် ကိုမိုဒိုနဂါးတစ်ကောင်က ဆိတ်တွေ ရှာဖွေဖို့ အနီးနားက ကျွန်းဆီ ကူးသွားတယ်။ စတိဗ်က ''သမုဒ္ဒရာထဲ ပွက်လောရိုက်ခြင်း'' လို့ ပြောဆိုပါတယ်။


'စတိဗ်နဲ့ နဂါး' အပိုင်းကို Animal Planet နက်ဝဝ်ကနေ ၁၉၉၉ ခုနှစ်မှာ ထုတ်လွှင့်ပြသခဲ့တယ်။

စတိဗ် ပိုပိုပြီး ကျော်ကြားလာချိန်မှာ သူ့ကို လိုချင်သူတွေ ပိုပိုများလာ ပုံရပါတယ်။ တစ်နေ့တော့ အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါကနေ ဖုန်း ဝင်လာတယ်။ အမေရိကန်လေတပ်မှာ ပြဿနာတစ်ခု ရှိနေတယ်တဲ့။ စတိဗ် အနေနဲ့ အကူအညီပေးနိုင်မလားလို့ မေးမြန်းပါတယ်။

အင်္ဂလင်းလေတင် အခြေစိုက်စခန်းဟာ ဖလော်ရီဒါမြောက်ပိုင်းမှာ တည်ရှိတယ်။ သူတို့ရဲ့ လေ့ကျင့်ရေး ကွင်းပေါ်မှာ ခလောက်မြွေတွေ ရှိနေတယ်လို့ ဆိုတယ်။ ပစ်ဂမီခလောက် မြွေတွေ၊ ရေနေမြွေဆိုးတွေနဲ့ အခြား အဆိပ်ရှိတဲ့ မြွေတွေ ရှိနေတော့ ရိန်းဂျားတပ်သားတွေ လေထီးလေ့ကျင့်ရေး ဘယ်လို လုပ်နိုင်ပါ့မလဲ။ လေတပ် အရာရှိတွေက စတိဗ်အောင်ဟာ မြွေတွေအကြောင်း အခြားသူတွေထက် ပိုသိတယ်ဆိုတာ ကြားဖူးထားကြတယ်။

PYGMY RATTLESNAKE





WATER MOCCASIN

စတိဗ်ဟာ ဖလော်ရီဒါကိုသွားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ။ ဖလော်ရီဒါ သွားရတာဟာ သူ့အတွက် စိတ်လှုပ်ရှားစရာတွေ အများအပြား ရှိနေပါတယ်။ သူ့ဖေဖေ ဘောဘ်ဆီက သင်ယူခဲ့ရတာတွေကို ရိန်းဂျားတွေနဲ့ ပရိသတ်တွေကို ပြောပြနိုင်မယ်လေ။ အဆိပ်ရှိတဲ့မြွေနဲ့ အဆိပ်မရှိတဲ့မြွေ ခွဲခြားပုံ၊ မြွေက ကိုယ့်ကို မတွေ့ခင် မြွေကို ကိုယ်က အရင် တွေ့အောင် ဘယ်လိုလုပ်မလဲ။ ခလောက်မြွေရဲ့ အစွယ်က ထုတ်လိုက်တဲ့ အဆိပ်ဟာ



လူကို ဘာကြောင့် သေစေနိုင်သလဲ။ ကိုယ့်ကိုယ်ကိုယ်ရော မြွေကိုပါ လုံခြုံ ဘေးကင်းအောင် ဘယ်လို လုပ်မလဲ။ ဒါ့အပြင် ဖလော်ရီဒါက ကျင်းတူးတတ်ပြီး အသံမပြုဘဲ တိတ်တိတ်နေတတ်တဲ့ ဇီးကွက်ငယ် တစ်မျိုး။ တွင်းအောင်းလိပ်မျိုးတို့လို မျိုးသုဉ်းတော့မယ့် တိရစ္ဆာန်မျိုးစိတ်တချို့ကိုတောင် တွေ့ကောင်းတွေ့ရဦးမှာပါ။

ရိန်းဂျားတပ်ဖွဲ့တွေဟာ မြွေတွေကိုတင် စိုးရိမ်နေရတာ မဟုတ်ပါဘူး။ မိကျောင်းတွေနဲ့လည်း ရင်ဆိုင်နေကြရတယ်။ စတိဗ်က ရိန်းဂျားတွေကို မိကျောင်း ဖမ်းပုံဖမ်းနည်း၊ လှေ့ကျင့်ရေးကွင်း အပြင်ဘက်က ဘေးကင်းလုံခြုံရာဆီ ပို့ဆောင်နည်းတွေကို သင်ကြားပြသပေးပါမယ်လေ။

စတိဗ်နဲ့ ရိန်းဂျားတွေ မြွေတွေကို ဖယ်ရှားဖို့ အသည်းအသန် အလုပ်လုပ်ကြရတယ်။ ရိန်းဂျားတွေက ဌာနေတိရစ္ဆာန်တွေကို ကာကွယ်ဖို့ သတိထားကိုင်တွယ်ကြတယ်။ နောက်ဆုံးမှာတော့ ခလောက်မြွေတွေနဲ့ မိကျောင်းတွေကို အားလုံး ဖယ်ရှားပြီးစီးခဲ့ပါတယ်။ စတိဗ် အိမ်ပြန်ချိန် ရောက်ပြီပေါ့...။

စတိဗ်ဟာ တိရစ္ဆာန်ဥယျာဉ်ကိုပြန်ဖို့ စိတ်လှုပ်ရှားနေမိတယ်။ စတိဗ်နဲ့တယ်ရီတို့ မိသားစုက တိုးပွားနေပါပြီ။ သမီးဦးကလေးကို ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှာ မွေးဖွားခဲ့တယ်။ နာမည်က ဘင်ဒီဆူးအာဝင်တဲ့။ ဘင်ဒီက စတိဗ် သဘောအကျဆုံး မိကျောင်းတစ်ကောင်ရဲ့အမည်ပါ။ ဆူးကတော့ သူ့ခွေးမလေး ဆူအီရဲ့ အမည်ကနေ လာတာပေါ့။



# စတိဗ် အနှစ်သက်ဆုံး ဩစတြေးလျ စကားလုံးတချို့


Crikey = ဝိုး
G'Day = Good day ရဲ့အတိုကောက်
Mate = မိတ်ဆွေ
Sweg = အိပ်ရာလိပ်
Bloke = လူ / အမျိုးသား
The Bush = မြို့ပြင်ဘက်
Never never = ဩစတြေးလျ ကုန်းခေါင်ရေဝေးအရပ်
Chockablock = ပြည့်ကျပ်ပွတ်သိပ်နေသော
Down Under = ဩစတြေးလျနှင့် နယူးဇီလန်
Gobsmacked = အံ့အားသင့်
Roo = သားပိုက်ကောင်
Joey = သားပိုက်ကောင်၊ ကိုအာလာ၊ ဝေါ့လဘီ၊ အပေါ့ဆမ်၊ ဝမ်းဘက် သားပေါက်ကလေး
Boomer = သားပိုက်ကောင် အထီး
Mob = သားပိုက် ကောင်အုပ်
Lob in = ဝင်ရောက် လည်ပတ်သည်
You little ripper = ထူးကဲလှပသော၊ နှစ်သက်ကျေနပ်ဖွယ်ကောင်းသော
UTE = နောက်ပွင့်ထရပ်ကား



## အခန်း – ၈

## တိရစ္ဆာန်ဥယျာဉ်တစ်ခုရဲ့ နေ့စဉ်မှတ်တမ်း

တိရစ္ဆာန်ဥယျာဉ်မှာ ရှင်သန်ရတဲ့ဘဝဟာ အရင်ကထက်ပိုပြီး အလုပ်များလာပါတယ်။ 'မိကျောင်းမုဆိုး' အစီအစဉ်ကြောင့် စတိဗ်နဲ့ တယ်ရီတို့ အကြီးအကျယ် ကျော်ကြားလာပါတယ်။ အမေရိက၊ အင်္ဂလန်နဲ့ အခြားနိုင်ငံတွေက ရုပ်သံကြည့်ပရိသတ်တွေဟာ တိရစ္ဆာန်ရုံကို လာရောက် ကြည့်ရှုချင်ကြတယ်။ သက်တမ်း ၁၇၀ ရှိပြီဖြစ်တဲ့ လိပ်ဘွားဘွား ဟဲရီးယက်ကို ကြည့်ချင်



ကြတယ်။ အဂ္ဂရို၊ ဂရေဟမ်နဲ့ အသက်အကြီးဆုံး အက်ကိုတို့လို အကျော်ကြားဆုံး ရေငန်မိကျောင်းတချို့ကို ဝန်ထမ်းတွေ အစာကျွေးပုံတွေကို ကြည့်ရှုလိုကြတယ်။ စတိဗ်ရဲ့သမီးကလေး ဘင်ဒီဆိုတာ မိကျောင်းတစ်ကောင်ရဲ့ အမည်ကို ပေးထားမှန်းလည်း သိနေကြတယ်။ အဲဒီ စူပါမိကျောင်းကိုလည်း တွေ့လို မြင်လိုကြပါတယ်။

Animal Planet နက်ဝပ်မှာ ဇိတ်ကူးတစ်ခု ရှိနေပါတယ်။ တိရစ္ဆာန်ရုံမှာ နေထိုင်ရှင်သန်ရတဲ့ ဘဝအကြောင်း အစီအစဉ်သစ်တစ်ခု ရိုက်ကူးကြတော့မှာပါ။ စတိဗ်နဲ့ တယ်ရီတို့ရဲ့ ပရိသတ်တွေအနေနဲ့ သူတို့ရဲ့ မိသားစုနဲ့ တိရစ္ဆာန်တွေကိုပါ မြင်တွေ့နိုင်ကြတော့မှာပါ။

'မိကျောင်းမုဆိုး နေ့စဉ်မှတ်တမ်း' (Crocodile Hunter Diaries) ကို ၁၉၉၈ ခုနှစ်မှာ စတင်ရိုက်ကူးပါတယ်။ Animal Planet မှာ ၂၀၀၂ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်ထိ ပြသခဲ့ပါတယ်။ အခုတော့ ဝက်စ်နဲ့ တယ်ရီတို့ လော့ဂါဟက်ဒ်လိဗ်ကို တောရိုင်းထဲ ရွှေ့ပြောင်းပေးကြပုံတွေကို တခြားကမ္ဘာခြမ်းက ပရိသတ်တွေပါ ကြည့်ရှုနိုင်ကြပါပြီ။ စပါးအုံးမြွေ တစ်ကောင် အရေခွံလဲပုံကိုလည်း ကြည့်ရှုနိုင်ကြပါပြီ။





သြစတြေးလျ တိရစ္ဆာန်ဥယျာဉ်က ဝန်ထမ်းအားလုံး စတိဗ်လို ကာကီ ဘောင်းဘီတိုနဲ့ ရှပ်အင်္ကျီ ဝတ်ဆင်ထားကြတယ်။ ရုပ်သံအစီအစဉ်ကို အိမ်မှာ ထိုင်ကြည့်သူတွေက အဲဒါကို သိနေကြတယ်။ တိရစ္ဆာန်ဆေးကုဆရာဝန်တွေက နာမကျန်းဖြစ်နေတဲ့ သားပိုက်ကောင်တွေကို ကုသပေးနေပုံတွေကို ကြည့်ရှုကြရတယ်။ ငှက်ကျားနဲ့ မြေခွေးနီတွေ အကြောင်းကိုလည်း သိနေကြတယ်။ ခေါင်းနှစ်လုံးလိပ်ကိုလည်း မြင်တွေ့ကြရတယ်။ ဘင်ဒီသိမ်းငှက်တစ်ကောင် အပျံသင်ရာမှာ အကူအညီပေးပုံတွေကိုလည်း လိုက်ပါရှုစားကြရပါတယ်။

စတိဗ်ကတော့ အမြဲတမ်း အလုပ်များနေတတ်တယ်။ အစာကျွေးရမယ့် မိကျောင်းတွေ၊ အာရုံစိုက်ရမယ့် အခြားတိရစ္ဆာန်တွေ ရှိနေပါတယ်။ မကြာခဏ မိဘတွေနဲ့လည်း စကားပြောဆို ဆွေးနွေးတတ်သေးတယ်။


တိရစ္ဆာန်ဥယျာဉ်မှာ ပြဿနာတစ်ခုခု ပေါ်လာရင် အကြီးအကျယ်တောင်းရတယ်။ ဘော့ဘ်နဲ့ လင်းတို့ကတော့ အမြဲတမ်း ကူညီဖို့အသင့်ပါပဲ။ ဒါပေမဲ့ ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလထဲမှာတော့ စတိဗ် သတင်းဆိုးတစ်ခု ကြားရပါတော့တယ်။ သူ့မိခင်ကြီး လင်းအာဝင်ဟာ ကားမတော်တဆမှုနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။ အာဝင်မိသားစုအတွက် ဆိုးဝါးတဲ့ အချိန်ကာလပါ။

ဒါပေမဲ့ ၂၀၀၃ ခုနှစ်မှာတော့ သတင်းကောင်းတစ်ခု ရှိလာပြန်ပါတယ်။ တယ်ရီ နောက်ကလေးတစ်ယောက် ရတော့မယ်တဲ့။ အာဝင်မိသားစုဟာ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့မှာ သားကလေး ရောဘတ် ကလဲရင့်စ် အာဝင်ကို ကြိုဆိုခဲ့ကြရပါတယ်။ သားကလေးကို စတိဗ်ရဲ့အဖေ၊ တယ်ရီရဲ့ဖခင် ကလဲရင့်စ်တို့ရဲ့ အမည်တွေကို ပေးခဲ့တာပါ။ အခုတော့ ဘင်ဒီမှာ မောင်ကလေး ရှိပြီပေါ့။ ကမ္ဘာအနှံ့က ပရိသတ်တွေလည်း ရောဘတ်ကို မြင်တွေ့ကြရပါလိမ့်မယ်။



ဖုန်းတွေကတော့ ဝေးလှမ်းတဲ့နေရာတွေကနေ ဝင်လာမစဲ တသဲသဲ ပါပဲ။ ''လာခဲ့ပါဦး။ အကူအညီ လိုနေပါတယ်ပေါ့...''

စတိဗ်နဲ့တယ်ရီဟာ သူတို့ရဲ့လမ်းကြောင်းပေါ် ပြန်တက်ဖို့ မစောင့်နိုင်ကြတော့ပါဘူး။ မကြာခင်မှာပဲ မိသားစုတစ်စုလုံး ချိုတောဆီသွားကြ၊ အမေရိက ခရီးစဉ် ဆင်နွှဲကြ၊ ဒါမှမဟုတ် ဝေးလှမ်းတဲ့ ကျွန်းတွေဆီ ခရီးထွက်ကြပါတယ်။




မေဝိုဆိုတာ ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းက ကျွန်းကလေးပါ။ ဗန်နူအာတူနိုင်ငံရဲ့ ကျွန်းပေါင်း ၈၃ ကျွန်းထဲက တစ်ကျွန်းပါ။ ဗန်နူအာတူ အစိုးရက လှမ်းခေါ်တဲ့အခါ စတိဗ်က တုံ့ဆိုင်းမနေပါဘူး။

တောင်ပစိဖိတ် သမုဒ္ဒရာထဲက အလှဆုံးကျွန်းကလေးတစ်ကျွန်းဖြစ်တဲ့ မေဝိုက ကျွန်းသားတွေဟာ ဖရာမ ရေငန်မိကျောင်း တစ်ကောင်ကြောင့် ကြောက်ရွံ့ ထိတ်လန့်နေကြရတယ်။ အဲဒီမိကျောင်းဟာ အရှည် ၁၂ ပေ၊ အလေးချိန် ပေါင် ၆၆၀ ရှိတယ်။ ကျွန်းသားတွေရဲ့ အိမ်မွေးတိရစ္ဆာန်တွေကို စားသောက်ပစ်နေပါတယ်။ တံငါသည်တွေလည်း ပင်လယ်ထဲ မထွက်ရဲကြဘူး။ ကလေးသူငယ်တွေ ကမ်းခြေမှာ မကစားကြတော့ပါဘူး။

စတိဗ်တို့အဖွဲ့ဟာ မေဝိုကို ၂၀၀၃ ခုနှစ် အစောပိုင်းမှာ ရောက်ခဲ့ကြတယ်။ ဝန်နျူအားတူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဌာနရဲ့ ဝန်ထမ်းတွေက အဆိုပါ မိကျောင်းဟာ မြောက်ဘက် အတော်ဝေးလှမ်းတဲ့ ဗန်နျူအာလာတုကျွန်းကနေ လာတာလို့ ယူဆကြတယ်။ အားကောင်းတဲ့ ဟာရီကိန်းမုန်တိုင်းက ဒီစူပါမိကျောင်းကို သူ့အိမ်ရာကနေ အဝေးကို ပို့ဆောင်ပေးခဲ့တာလို့ ထင်မြင် ယူဆထားကြတယ်။

စတိဗ်က ပြဿနာကို နားလည်သိမြင်ပါတယ်။ မေဝိုက ဒေသနေတွေဟာ မိကျောင်းရန်ကနေ အကာအကွယ်ရဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ ဒီတိရစ္ဆာန်မျိုးစိတ်ဟာ မျိုးသုဉ်းတော့မယ့်အန္တရာယ် ရင်ဆိုင်နေရတဲ့မျိုးစိတ်ပါ။ လူတိုင်းက ဒီမိကျောင်းကြီးကို ဘေးကင်းစေချင်ကြတယ်။ ထိခိုက်မှာကို မလိုလားကြပါဘူး။

ရေငန်မိကျောင်းကြီးဟာ သူ့အိမ်ရာဆီ ပြန်မယ့်လမ်းကို ရှာတွေ့ဖို့ အကူအညီ လိုအပ်နေပါတယ်။ ဒီတော့ စတိဗ်နဲ့ သူ့အဖွဲ့သားတွေဟာ အလျင်ဦးဆုံး သူ့ကို ဖမ်းကြရပါမယ်။ ဒါပေမဲ့ ဘယ်လို ဖမ်းကြမလဲ။ ''ခရစ်ကီ'' စတိဗ် တွေးမိတယ်။ ဒီကိစ္စက မလွယ်ဘူး။

စတိဗ်နဲ့ အဖွဲ့သားတွေ ပေါ့ပါးတဲ့ အလူမီနီယမ်နဲ့ ခိုင်ခန့်တဲ့ ရေမျော

ထောင်ချောက်တစ်ခု တည်ဆောက်ကြတယ်။ အဲဒီထောင်ချောက်ကို သမုဒ္ဒရာ ကြမ်းပြင်အောက် ချပြီး တံတားတိုင်တစ်တိုင်မှာ ကြိုးနဲ့ ချည်ထားတယ်။ အထဲမှာ အစာချထားတယ်။ မိကျောင်း ထောင်ချောက်ထဲ ဝင်လာရင် တံခါး က ပိတ်သွားမှာပေါ့။ အဲဒီနောက် စတိဝ်က မိကျောင်းကို ကမ်းခြေပေါ် ဆွဲတင်၊ သူ့ခြေထောက် နစ်ဖက်ကြားမှာ ညှပ်ပြီး ချုပ်ထားတယ်။ ကျွန်းသားတွေ ထိတ်လန့်ပြီး နောက်ဆုတ်သွားကြတယ်။ စတိဝ်က မိကျောင်းမေးရိုးကို စိတ်ချရအောင် စည်းနှောင်ပြီး ပိုက်နဲ့ အုပ်ထားလိုက်တယ်။ အဲဒီတော့မှ ကျွန်းသားတွေ အနားကပ်လာကြတယ်။ မိကျောင်းကို ငုံ့ကြည့်ကြ၊ ထိကိုင်



ကြည့်ကြတယ်။ သူတို့ ကြောက်ရွံ့ခဲ့တဲ့ မိကျောင်းကို နားလည်စပြုလာကြပါပြီ။ မကြောက်ရွံ့ကြတော့ပါဘူး။


မိကျောင်းကြီးကို လေယာဉ်တစ်စီးနဲ့ သူ့နေရပ်ဆီ ပြန်ပို့လိုက်ကြတယ်။ သူ့ကို စတိဗ်နဲ့အဖွဲ့သားတွေက ရွာတွေနဲ့ဝေးရာ ငြိမ်းပြည့်စုံတဲ့ သဘာဝန်းကျင်မှာ လွှတ်လိုက်ကြပါတယ်။ ကျွန်းသားတွေ ဝိုင်းဝန်းချီးကျူး သြဘာပေးကြတယ်။ သူတို့ရဲ့မိတ်ဆွေဟောင်းကြီး သူ့နေရာသူ ရောက်သွားပါပြီ။ သူတို့လည်း ဘေးကင်းလုံခြုံ စိတ်ချရပြီပေါ့။

# အခန်း – ၉

## ဆိုးဝါးသော မတော်တဆမှု


၂၀၀၅ ခုနှစ်မှာ ဒစ္စကာဗရီကစ်ဒ်ချန်နယ်က ဘင်ဒီ့ကို သီးသန့်အစီအစဉ်တစ်ခု ရိုက်ကူးစေချင်တဲ့ဆန္ဒ ရှိခဲ့တယ်။ ဘင်ဒီဟာ စတိဗ်လိုပဲ တိရစ္ဆာန်ဥယျာဉ်မှာ ကြီးပြင်းလာခဲ့တာပါ။ တိရစ္ဆာန်တွေအကြောင်း စတိဗ်လောက်နီးနီး သိနေပါတယ်။

ဘင်ဒီက အစီအစဉ်ကို ရိုက်ကူးချင်ပါတယ်။ ကလေးသူငယ်တွေ တိရစ္ဆာန်တွေကို ချစ်တတ်လာအောင် သင်ကြားပေးရမှာကို စိတ်လှုပ်ရှားမိတယ်။ စတိဗ်နဲ့ တယ်ရီတို့ကလည်း သဘောတူပါတယ်။



"Bindi: The Jungle Girl" ('တောရိုင်းထဲကမိန်းကလေး ဘင်ဒီ') ကို ၂၀၀၆ ခုနှစ်မှာ စတင်ရိုက်ကူးတယ်။ ဘင်ဒီ ၈ နှစ်အရွယ်ပဲ ရှိပါသေးတယ်။ ရုပ်သံအစီအစဉ်ထဲမှာ ဘင်ဒီဟာ မြွေတွေ၊ ငှက်တွေ၊ အခြားသြစတြေးလျ တောတိရစ္ဆာန်မျိုးစုံနဲ့အတူ တောကြီးထဲက သစ်ပင် အိမ်ကလေးမှာနေတဲ့ မိန်းကလေးပေါ့။ တစ်ခါတစ်ရံ စတိဗ်နဲ့ တယ်ရီတို့ လာရောက် လည်ပတ်ကြတယ်။ တစ်ခါတစ်ရံ မောင်ငယ်လေး ရောဘတ်လည်း အတူရှိနေပါတယ်။

ဘင်ဒီနဲ့ စတိဗ်တို့က ပရိသတ်တွေကို အမေရိကန် တောတိရစ္ဆာန်တချို့နဲ့ မိတ်ဆက်ပေးဖို့ အမေရိကန်ပြည်ထောင်စုကို ခေါ်ဆောင်သွားကြတယ်။ ခြင်္သေ့တွေကို လေ့လာဖို့ အာဖရိကကို သွားကြတယ်။ ဘင်ဒီဟာ ခရီးမထွက်ဖြစ်ရင်တော့ တိရစ္ဆာန်ဥယျာဉ်မှာ စူးစမ်းလေ့လာပါတယ်။ အဲဒီအချိန်မှာ ဝက်စ်က တိရစ္ဆာန်ဥယျာဉ်ရဲ့မန်နေဂျာ ဖြစ်နေပါပြီ။ သူကလည်း ဘင်ဒီ့အစီအစဉ်မှာ ပါဝင်လာပါတယ်။ ဘင်ဒီက ပရိသတ်တွေကို ဥယျာဉ်မှာရှိတဲ့ တိရစ္ဆာန်တွေနဲ့ မိတ်ဆက်ပေးတယ်။ ဥယျာဉ်မှာ ဖြစ်ပျက်ခဲ့တဲ့ ခမ်းနားကြီးကျယ်တဲ့ အပြောင်းအလဲတွေကို ပြောပြတယ်။ ပရိသတ်တွေဟာ မိုးသစ်တောငှက်ရုံက ရာပေါင်းများစွာသော ငှက်တွေကို ကြည့်ရှုကြရတယ်။ ထိုင်ခုံ ၅,၅၀၀ ရှိ 'မိကျောင်းပြပွဲရုံသစ်' မှာ မိကျောင်းပြပွဲကို တက်ရောက်ကြည့်ရှုကြရတယ်။ မိကျောင်းတွေ၊ မြွေတွေ၊ ငှက်တွေနဲ့ အခြားတိရစ္ဆာန်တွေအကြောင်း သိရှိကြရတယ်။ စတိဗ် အင်မတန် ချစ်ခင်နှစ်သက်တဲ့ တောရိုင်းတိရစ္ဆာန်ဆေးရုံသစ်ကိုလည်း လည်ပတ်လေ့လာကြရတယ်။ အဲဒီဆေးရုံက မိခင်ကြီးလင်းကို ဂုဏ်ပြုတည်ဆောက်ခဲ့တာပါ။ ဒဏ်ရာရနေ၊ မိဘမဲ့ဖြစ်နေတဲ့ တိရစ္ဆာန်



တွေကို တောရိုင်းတိရစ္ဆာန် အရေးပေါ်ကားတွေက အခမဲ့ သယ်ဆောင်ပေးတဲ့အကြောင်း ဘင်ဒီက ရှင်းပြပါတယ်။



# တောရိုင်းတိရစ္ဆာန်
# ကာကွယ်စောင့်ရှောက်ရေး
# စစ်သည်တော်များ

၂၀၀၂ ခုနှစ်မှာ စတိဗ်နဲ့တယ်ရီတို့ တောတိရစ္ဆာန်တွေကို ကယ်တင်ဖို့ နည်းလမ်းတွေကို ရှာဖွေနေကြတဲ့ ကမ္ဘာအနှံ့က လူတွေကို အကူအညီပေးရေးအတွက် 'တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေး စစ်သည်တော်များ'ဆိုတဲ့ အဖွဲ့အစည်းကို စတင်စုစည်းခဲ့ကြတယ်။ အဲဒီ တောတိရစ္ဆာန်စစ်သည်တော်တွေဟာ ဟာရီကိန်းမုန်တိုင်း၊ ဆူနာမီ၊ မြေငလျင်နဲ့ အခြားသဘာဝဘေးအန္တရာယ်တွေ ကျရောက်စဉ်မှာ တိရစ္ဆာန်တွေကို ကယ်တင်ဖို့ အကူအညီပေးကြသူတွေပါ။ သူတို့တွေဟာ စတိဗ်လိုပဲ ကာကီဝတ်စုံ ဝတ်ဆင်ကြတယ်။ တောတိရစ္ဆာန်တွေနဲ့ သူတို့နေထိုင်ရာ နေရာတွေကို ကယ်တင်ဖို့ အတူတကွ ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာကို ကာကီဝတ်စုံက ပြသပါတယ်။ တောတိရစ္ဆာန်စစ်သည်တော်တွေဟာ ကမ္ဘာတစ်ဝန်းက လူတွေကို သင်ကြားပေးကြတယ်။ သူတို့ချစ်တဲ့ တောတိရစ္ဆာန်တွေအတွက် မြေတွေကို ထိန်းသိမ်း၊ ဝယ်ယူဖို့ ငွေကြေးရန်ပုံငွေတွေ စုဆောင်း ရှာဖွေကြပါတယ်။





PHILIPPE COUSTEAU JR.

စတိဗ် ဘင်ဒီ့ကို အကူအညီ မပေးရတဲ့ အခါ မှတ်တမ်း ရုပ်သံ အစီအစဉ် သစ်တစ်ခု လုပ်နေခဲ့တယ်။ "Ocean's Deadliest" မှာ စတိဗ်နဲ့ ဖိလစ်ကူစတိုးဂျူနီယာတို့ ပါဝင် ပါတယ်။ စတိဗ်နဲ့ ဖိလစ်တို့က ပရိသတ်တွေကို တောင်ပစိဖိတ်သမုဒ္ဒရာထဲက ဂရိတ်ပိုက်ငါးမန်း၊ အပြာရောင်ခါးပတ်နဲ့ ရေဘဝဲ၊ သေတ္တာဂျယ်လီငါးတွေနဲ့တကွ အခြားအန္တရာယ်ကြီးတဲ့ သတ္တဝါတွေနဲ့ မိတ်ဆက်ပေးကြတယ်။


၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၄ ရက်နေ့မှာတော့ စတိဗ်နဲ့ ဖိလစ်တို့ စတိဗ်ရဲ့လှေပေါ်မှာ အစီအစဉ် ရိုက်ကူးကြတယ်။ ဩစတြေးလျရဲ့ ဂရိတ်ဘယ်ရီယာ သန္တာကျောက်တန်း ဝန်းကျင်မှာပါ။ ရာသီဥတုက ရေနက်နက်မှာရိုက်ကူးဖို့ မဖြစ်နိုင်လောက်အောင် မှောင်လာခဲ့ပါတယ်။ ဒီတော့ စတိဗ်က ရေတိမ်မှာပဲ အခန်းတချို့ ရိုက်ကူးဖို့ ဆုံးဖြတ်ခဲ့တယ်။

စတိဗ် လေမှုတ်လှေပေါ် ရောက်နေပါပြီ။ ကင်မရာမင်း ဂျပ်စတင်



လိုင်ယွန်စ်လည်း သူနဲ့အတူ လှေပေါ်မှာပေါ့။ ကမ်းခြေအနီးနားမှာ ၈ ပေ အကျယ်ရှိ ငါးလိပ်ကျောက်တစ်ကောင် ရှိနေတာကို သူတို့ သတိပြုမိကြတယ်။ အဲဒီအကောင်ကို ရိုက်ကူးဖို့ ဆုံးဖြတ်လိုက်ကြတယ်။


ငါးလိပ်ကျောက်တွေဟာ ထုံးစံအားဖြင့် အင်မတန် အေးဆေးတဲ့ အကောင်တွေပါ။ ဒါပေမဲ့ သူတို့ကို ခြိမ်းခြောက်တယ်လို့ ထင်သွား (ကြောက်သွား) ရင် အမြီးက ဆူးနဲ့ တိုက်ခိုက်တတ်ပါတယ်။ ကြီးမားတဲ့ ငါးလိပ်ကျောက်တချို့ဟာ ၁၄ လက်မလောက် ရှည်တဲ့ဆူး ရှိနိုင်ပါတယ်။





စတိဗ်နဲ့ဂျပ်စတင်တို့ ရေထဲရောက်ကြပြီ။ စတိဗ်က ငါးလိပ်ကျောက်ရဲ့ နောက်ဘက်မှာပါ။ ဂျပ်စတင်က ရှေ့ဘက်ကနေ ရိုက်ကူးပါတယ်။ အဲဒီမှာတင် ငါးလိပ်ကျောက်က အမြီးကို ထောင်ပြီး စတိဗ်ကို ဆူးနဲ့ ထိုးပါတော့တယ်။ တစ်ချက်က စတိဗ်ရဲ့ နှလုံးသားကို တည့်တည့်ထိုးမိတယ်။ ဂျပ်စတင်က အစမှာ စတိဗ် ဘယ်လောက်ဆိုးဆိုးဝါးဝါး ထိခိုက်သွားတယ်ဆိုတာ မသိလိုက်ပါဘူး။ စတိဗ်ကို လှေပေါ်တင်ပြီး အကူအညီ တောင်းပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ ဘာမှ မလုပ်နိုင်ကြပါဘူး။ စတိဗ်အာဝင် ချက်ချင်းသေဆုံးသွားခဲ့ပါတယ်။ အသက်က ၄၄ နှစ်ပဲ ရှိပါသေးတယ်။

နောက်တစ်နေ့မှာ ကမ္ဘာအနှံ့က သတင်းစာတွေက မိကျောင်းမုဆိုး စတိဗ်အာဝင် ကွယ်လွန်ကြောင်း ရေးသားခဲ့ကြတယ်။ ကမ္ဘာ့နေရာအနှံ့က ပရိသတ်တွေ သူတို့ရဲ့ သူရဲကောင်းအတွက် ကြေကွဲဝမ်းနည်းကြရတယ်။ ဩစတြေးလျပြည်သူတွေက သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ အလံတိုင်တစ်ဝက် ထူကြတယ်။ ဩစတြေးလျအာဏာပိုင်တွေက နိုင်ငံတော်ရုပ်ပနအဖြစ် ပြုလုပ်ဖို့ အကြံပြုကြတယ်။ အာဝင်မိသားစုကတော့ အကြိတ်အနယ် ဆွေးနွေးပြီး နိုင်ငံတော်ရုပ်ပန မပြုလုပ်ဖို့ ယဉ်ယဉ်ကျေးကျေး ငြင်းပယ်ခဲ့ကြပါတယ်။ စတိဗ်အနေနဲ့ 'သာမန်လူ' တစ်ယောက်အဖြစ်သာ အမှတ်ရနေစေချင်လိမ့်မယ်လို့ ဖခင်ကြီးဘော့ဘ်က ပြောဆိုပါတယ်။ နောက်ဆုံးမှာ နိုင်ငံတော်ရုပ်ပန မလုပ်ဘဲ ဩစတြေးလျတိရစ္ဆာန်ဥယျာဉ်က မိကျောင်းပြပွဲရုံမှာပဲ ရုပ်ပနအခမ်းအနား ကျင်းပခဲ့ကြတယ်။ ပြပွဲရုံက ထိုင်ခုံ ၅,၅၀၀ မှာ လူတွေအပြည့် တက်ရောက်ခဲ့ကြပါတယ်။



# အခန်း – ၁၀
# စတိပ်ကို အမှတ်ရခြင်း

စတိဝ်အာဝင်ဟာ သဘာဝပတ်ဝန်းကျင်နဲ့ တောရိုင်းတိရစ္ဆာန်တွေ ကာကွယ်စောင့်ရှောက်ခြင်းနဲ့ သူ့ဘဝကို မြှုပ်နှံခဲ့သူပါ။ သူ့ရဲ့ ရုပ်သံအစီအစဉ်တွေက တိရစ္ဆာန်တွေနဲ့ သူတို့ရဲ့ နေရာတွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ ဘာကြောင့် အရေးပါသလဲဆိုတာ လူတွေ သိရှိနားလည်လာစေရေးအတွက် အကူအညီပေးခဲ့ပါတယ်။ စတိဝ်နဲ့ တယ်ရီတို့ဟာ ဩစတြေးလျက ကျယ်ပြန့်တဲ့ မြေနေရာတွေကို ဝယ်ယူရာမှာ ငွေကြေးကို သုံးစွဲခဲ့ကြတယ်။ အဲဒီထဲမှာ စတိဝ် အခြားအရာအားလုံးထက် ပိုပြီးချစ်ခင်နှစ်သက်တဲ့ နေရာတစ်နေရာ ရှိနေပါတယ်။ ဝင်းလော့ခ်မြစ် စိမ့်တောမြေပါ။ အဲဒီမှာ ရှားပါးအပင်တွေနဲ့ ရှားပါးတိရစ္ဆာန်တွေ ရှင်သန်နေပါတယ်။ အဲဒီ တောရိုင်းနယ်မြေကို အဆောက်အဦတွေ ဆောက်လုပ်ခြင်း၊ သတ္တုတွင်းတွက်တွေ တူးဖော်ခြင်းတွေကနေ ကာကွယ်ရေးဟာ စတိဝ်ရဲ့ စိတ်ကူးအိပ်မက်ပါ။ သူကွယ်လွန်ပြီးနောက်မှာတော့ ဩစတြေးလျအစိုးရက စတိဝ် ချစ်တဲ့ ဧက ၃၃၄,၀၀၀ ရှိ အဆိုပါမြေကို ထာဝရ ထိန်းသိမ်းစောင့်ရှောက်ထားမယ်လို့ ကြေညာခဲ့ပါတယ်။ သတ္တုတူးဖော်ရေးသမားတွေ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ရေးသမားတွေ ဘယ်သောအခါမှ နှောင့်ယှက်ကျူးကျော်လို့ မရတော့ပါဘူး။ 'စတိဝ်အာဝင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော' ကို ဩစတြေးလျ တိရစ္ဆာန်ဥယျာဉ်က ထိန်းသိမ်း စောင့်ရှောက်သွားမှာပါ။




စတိဗ်ရဲ့ လုပ်ရပ်တွေဟာ သူ ကွယ်လွန်ပြီးနောက်မှာလည်း ဆက်လက် ဂုဏ်ပြု ခံနေရပါသေးတယ်။

၂၀၀၇ ခုနှစ်မှာ ရဝမ်ဒါအစိုးရက တောင်ပေါ် ဂေါ်ရီလာမျောက် ဝံပေါက်လေး တစ်ကောင်ကို စတိဗ် အမည်ပေးပြီး ဂုဏ်ပြုခဲ့ပါတယ်။



၂၀၀၉ ခုနှစ်မှာတော့ ကွင်းစလန်ပြည်နယ်က ရှားပါး ခရုတစ်မျိုးကို စတိဗ်အမည် ပေးခဲ့ပါတယ်။ 'ခရစ်ကီ စတိဗ်အာဝင်နီ' တဲ့။ ခရုရဲ့အခွံပေါ်က အဝါရောင်၊ လိမ္မော်ရောင်၊ အညိုရောင် အစင်းတွေက သိပ္ပံပညာရှင်တွေကို စတိဗ်ရဲ့ကာကီယူနီဖောင်းကို အမှတ်ရစေပါတယ်။

နှစ်စဉ် နိုဝင်ဘာလ ၁၅ ရက်နေ့ ရောက်တိုင်း ကမ္ဘာတစ်လွှားက တော

ရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး စစ်သည်တော်တွေဟာ 'စတိဗ် အာဝင်နေ့' ကို ကျင်းပလေ့ရှိကြတယ်။

တယ်ရီ၊ ဘင်ဒီနဲ့ ရောဘတ်တို့က စတိဗ်ရဲ့ အလုပ်တွေကို ဆက်လက် လုပ်ဆောင်နေကြပါတယ်။ တိရစ္ဆာန်ဥယျာဉ်မှာ တိရစ္ဆာန်တွေကို ကူညီ စောင့်ရှောက်ပေးနေကြတယ်။ ဧည့်သည်တွေကို တောရိုင်းတိရစ္ဆာန်တွေနဲ့ ပတ်သက်လို့ သူတို့ရဲ့ ဆန္ဒပြင်းပြမှုတွေကို မျှဝေကြတယ်။ ၂၀၁၂ ခုနှစ်မှာ ဘင်ဒီနဲ့ ရောဘတ်တို့ မောင်နှမက 'အရိုင်းဆန်ဆန် ကြီးပြင်းခြင်း' (Growing Up Wild) အမည်ရှိ အပိုင်း ၂၄ ပိုင်းပါ အင်တာနက် အစီ အစဉ် ရိုက်ကူးခဲ့ကြတယ်။ အဲဒီအစီအစဉ်က ကမ္ဘာအနှံ့က ကလေးသူငယ် တွေ၊ တောရိုင်းတိရစ္ဆာန်တွေရဲ့ အလှတရားနဲ့ အန္တရာယ်ကို သိရှိနားလည် လာအောင် အထောက်အကူ ဖြစ်စေခဲ့ပါတယ်။





စတိဗ်ကို အောက်မေ့သတိရခြင်းတွေဟာ သူဖန်တီးခဲ့တဲ့ တိရစ္ဆာန်ဥယျာဉ်၊ သူ ကာကွယ်စောင့်ရှောက်ခဲ့တဲ့ တောရိုင်းတိရစ္ဆာန်တွေထံမှာ တည်ရှိနေဆဲပါ။ သူ့ရဲ့ဆန္ဒပြင်းပြမှု၊ ဘဝကို ရင်းနှီးမြှုပ်နှံမှု၊ သူပေးလိုတဲ့ သတင်းစကားတွေကို ဘယ်သူကမှ မေ့လျော့သွားမှာ မဟုတ်ပါဘူး။ စတိဗ်က တောရိုင်းတိရစ္ဆာန်တွေဟာ ''ထူးထူးကဲကဲ လှပတယ်''လို့ ပြောဆိုခဲ့တယ်။ တောရိုင်းတိရစ္ဆာန်တွေကို လေးစားပါ။ ဒီကမ္ဘာလောကကြီးဟာ လူသားတွေရဲ့ လောကမျှသာ မဟုတ်ပါဘူး။ တိရစ္ဆာန်တွေရဲ့ ကမ္ဘာလောကကြီးလည်း ဖြစ်ပါတယ်။

## စတိဗ်အာဝင်၏ ဘဝဖြစ်စဉ်

၁၉၆၂ – သြစတြေးလျနိုင်ငံ၊ အထက် ဖန်းထရီးဂါလီမှာ ဖေဖော်ဝါရီ ၂၂ ရက်နေ့မှာ မွေးဖွား။

၁၉၇၀ – အာဝင်မိသားစု ဘီယာဝါကို ပြောင်းရွှေ့ပြီး 'ဘီယာဝါ တွားသွား တိရစ္ဆာန်ဥယျာဉ်' ဖွင့်လှစ်။

၁၉၇၉ – စတိဗ် ကယ်လွန်ဒရာ အစိုးရအထက်တန်းကျောင်းကနေ ဘွဲ့ရခဲ့။

၁၉၈၀ – ဘီယာဝါတွားသွား တိရစ္ဆာန်ဥယျာဉ်ကို 'ကွင်းစလန်တွားသွား သတ္တဝါနဲ့ ဒေသရင်း တိရစ္ဆာန်များဥယျာဉ်' အဖြစ် အမည် ပြောင်းလဲ။

၁၉၈၅ – စတိဗ် အခင်မင်ဆုံးတွဲဖက် ဝက်စ်မန်နီယွန်နဲ့ တွေ့ဆုံ။

၁၉၈၈ – စတိဗ်အချစ်တော် ခွေးမလေး ဆူအီ ခရစ္စမတ်နေ့မှာ မွေးဖွား။

၁၉၉၂ – ဇွန်လ ၄ ရက်နေ့ အော်ရီဂွန်ပြည်နယ်၊ ယူဂျင်းမှာ တယ်ရီရိန်းစ်နဲ့ လက်ထပ်။

၁၉၉၇ – ၂၀၀၄ "The Crocodile Hunter" ('မိကျောင်းမုဆိုး' ရုပ်သံ အစီအစဉ်) Animal Planet နက်ဝဝ်မှာ ပြသ။

၁၉၉၈ – ကွင်းစလန် တွားသွားသတ္တဝါနဲ့ ဒေသရင်း တိရစ္ဆာန်များဥယျာဉ် ကို 'သြစတြေးလျ တိရစ္ဆာန်ဥယျာဉ်' အဖြစ် အမည်ပြောင်းလဲ။ စတိဗ်ရဲ့သမီးကလေး ဘင်ဒီဆူး ဇူလိုင် ၂၄ ရက်နေ့မှာ မွေးဖွား။

၁၉၉၉ – ၂၀၀၁ "The Crocodile Hunter's Croc Files" ('မိကျောင်းမုဆိုးရဲ့ မိကျောင်းဖိုင်တွဲများ') အစီအစဉ် Animal Planet နက်ဝပ်မှာ ပြသ။

၂၀၀၀ – စတိဗ်ရဲ့မိခင် လင်း ကွယ်လွန်။

၂၀၀၂ – ၀၄ "The Crocodile Hunter Diaries" ('မိကျောင်းမုဆိုးရဲ့ နေ့စဉ်မှတ်တမ်းများ') အစီအစဉ် Animal Planet မှာ ပြသ။

၂၀၀၃ – စတိဗ်ရဲ့သား ရောဘတ်ကလဲရင့်စ်အာဝင် ဒီဇင်ဘာ ၁ ရက်နေ့မှာ မွေးဖွား။

၂၀၀၆ – စက်တင်ဘာလ ၄ ရက်နေ့ စတိဗ်အာဝင် ဂရိတ်ဘယ်ရီယာ သန္တာ ကျောက်တန်းမှာ ကွယ်လွန်။

၂၀၀၇ – ၂၀၀၈ "Bindi: The Jungle Girl" ('တောရိုင်းထဲက မိန်းကလေး ဘင်ဒီ') အစီအစဉ် Discovery Kids ချန်နယ်မှာ ပြသ။

၂၀၀၇ – "Ocean's Deadliest" ('သမုဒ္ဒရာထဲက အန္တရာယ်အကြီးဆုံး') အစီအစဉ်ကို Animal Planet နဲ့ Discovery ချန်နယ်တွေမှာ ဇန်နဝါရီ ၂၁ ရက်နေ့မှာ စတင်ပြသ။

# ကမ္ဘာ့ဖြစ်စဉ်

၁၉၆၃ – နိုဝင်ဘာလ ၂၂ ရက်နေ့မှာ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီ တက္ကဆက်ပြည်နယ်၊ ဒါးလတ်စ်မှာ လုပ်ကြံသတ်ဖြတ်ခံခဲ့ရ။

၁၉၆၉ – ဇူလိုင်လမှာ အပိုလို ၁၁ အာကာသယာဉ် လပေါ်ဆင်းသက်နိုင်ခဲ့။ "Sesame Street" ရုပ်သံအစီအစဉ် ရုပ်မြင်သံကြားမှာ ပွဲဦး ထွက် ပြသခဲ့။

၁၉၇၅ – မိုက္ကရိုဆော့ဖ်ကုမ္ပဏီ စတင်တည်ထောင်။

၁၉၈၀ – ဂျပန်နိုင်ငံမှာ "Pac-Man" ဗီဒီယိုဂိမ်း ထုတ်ဝေဖြန့်ချိ။

၁၉၈၁ – MTV က ပထမဆုံးအကြိမ် ရော့ခ်ဂီတဗီဒီယိုတွေ စတင် ထုတ်လွှင့်။

၁၉၈၂ – "E.T.: The Extra-Terrestrial" ဇာတ်ကား ရုပ်ရှင်ရုံတွေမှာ စတင်ပြသ။

၁၉၈၅ – တိုက်တန်းနစ်သင်္ဘောပျက် ရှာဖွေတွေ့ရှိ။

၁၉၉၁ – ဆိုဗီယက်ယူနီယံပြိုလဲ။ ကမ္ဘာလွှမ်းမြုံကွန်ရက်စနစ် (World Wide Web) စတင် ဖန်တီး။

၁၉၉၆ – ဒေါ်လီ အမည်ရှိ သိုးကလေး အောင်အောင်မြင်မြင် ပုံတူမျိုးပွားနိုင်ခဲ့တဲ့ ပထမဆုံး နို့တိုက်သတ္တဝါ ဖြစ်လာ။

၂၀၀၀ – အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ဂျော့ချ်ဒဗလျူဘွတ်ရှ်က အယ်လ်ဂိုးကို အနိုင်ရကြောင်း ဗဟိုတရားရုံးချုပ်က ဆုံးဖြတ်။

၂၀၀၁ – နယူးယောက်မြို့က အမြွာမျှော်စင်အဆောက်အဦနဲ့ ဝါရှင်တန်ဒီစီက ပင်တဂွန်အဆောက်အဦတို့ကို အကြမ်းဖက်သမားတွေ တိုက်ခိုက်။

၂၀၀၄ – ဖေ့စ်ဘုတ် (Facebook) စတင်။

၂၀၀၆ – မိုင်းလီဆိုင်းရပ်စ် ပါဝင်တဲ့ "Hannah Montana" အစီအစဉ် ရုပ်မြင်သံကြားမှာ ပွဲဦးထွက်ပြသ။

၂၀၀၉ – ဇန်နဝါရီလမှာ ဘားရက်အိုဘားမား အမေရိကန်ပြည်ထောင်စုရဲ့ ပထမဆုံး အာဖရိကန်–အမေရိကန် သမ္မတ ဖြစ်လာ။